## မြန်မာနိုင်ငံ ပြည်တွင်းအာဏာရရှိရေးကြိုးပမ်းမှုနှင့် ပထဝီနိုင်ငံရေးအခြေအနေ

**(မြန်မာ့အလင်းသတင်းစာနှင့် မြဝတီသတင်းစာများတွင် ၂၉-၁-၂၀၂၂၊ ၃၀-၁-၂၀၂၂ နှင့် ၃၁-၁-၂၀၂၂ ရက်နေ့များက ဖော်ပြပါရှိသည့် အခန်းဆက်ဆောင်းပါးအား ဖော်ပြအပ်ပါသည်။)**

မြန်မာနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်း ပြီးဆုံးမည့် အရိပ်အယောင် မရှိသေးချေ။ နိုင်ငံတကာ သံတမန်အသိုက်အဝန်းနှင့် မီဒီယာများက ပြီးခဲ့သည့် လပိုင်းများက ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုများအား လုံခြုံရေးတပ်ဖွဲ့ဝင်များမှ တုံ့ပြန်ဆောင်ရွက်ခဲ့မှုအပေါ် အာရုံစိုက်နေချိန်တွင် လက်ရှိမြေပြင်၌ နိုင်ငံရေး ဆန့်ကျင်မှုအပေါ် အခြေခံသည့် အစွန်းရောက်များ၏ လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုအသစ်များ ပေါ်ပေါက်လာသည်။ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လများက ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြန့်ပွားမှု ပိုမိုပြင်းထန်လာခြင်းကြောင့် ပြည်သူများအတွက် စိန်ခေါ်မှု ပိုမိုကြီးမားစေခဲ့သည်။

၂၀၂၁ ခုနှစ်၊ မေလ ၅ ရက်တွင် CRPH ၏ အုပ်ချုပ်ရေး အာဏာကျင့်သုံးသည့် NUG အနေဖြင့် ကြေညာချက်အမှတ် ၁/၂၀၂၁ ဖြင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတပ်မတော် တည်ဆောက်ရေးကို ဦးတည်သည့် ကနဦး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDF) ဖွဲ့စည်းကြောင်း ကြေညာခဲ့သည်။ လက်တွေ့တွင် PDF များ ဖွဲ့စည်းခြင်း (ဥပမာ မင်းတပ်နှင့် လွိုင်ကော်တွင်) သည် ဆန့်ကျင်ဖက် အဖွဲ့အစည်းအတွက် နယ်မြေထိန်းချုပ်မှု သို့မဟုတ် စိတ်ဓါတ်ပိုင်းဆိုင်ရာ အနိုင်ရရှိမှု တို့နှင့်စပ်လျဉ်းသည့် မည်သည့် အကျိုးအမြတ်မျှ ရရှိနိုင်မှုတို့ ရရှိစေမည်မဟုတ်ဘဲ ပြည်တွင်းမတည်ငြိမ်မှုများကို ဖြစ်ပွားစေခဲ့သည်။

နိုင်ငံရေးဆန့်ကျင်သူများအနေဖြင့် ရိုးရှင်းသော်လည်း သေစေနိုင်လောက်သည့် လက်နက်များကို အသုံးပြုလာခဲ့ခြင်း၊ မတ်လလယ်က လှိုင်သာယာရှိ ပုဂ္ဂလိကပိုင်စက်မှုရုံများအား ဖျက်ဆီးခြင်းများကို ထောက်ရှု၍ ဆန္ဒပြမှုများသည် အစွန်းရောက်လာသည်ကို မည်သို့မျှ ငြင်းဆို၍ မရချေ။ ဒီမိုကရေစီ စံနှုန်းများနှင့် လူ့အခွင့်အရေးစံနှုန်းများကို မေ့ပျောက်ထားသည်မှာ ထင်ရှားပြီး ၂၀၂၁ ခုနှစ်၊ မေလမှ စတင်၍ ဖောက်ခွဲရေးပစ္စည်းများနှင့် အရပ်သားများ (ပြည်သူ့ဝန်ထမ်းများနှင့် USDP ပါတီဝင်များ) အား လုပ်ကြံသတ်ဖြတ်မှုသည် ဆန့်ကျင်လှုပ်ရှားမှု၏ နေ့စဉ်ပြုလုပ်နေသည့် အမျိုးမျိုးအထွေထွေသော လုပ်ဆောင်မှုများ ဖြစ်လာသည်။ ဂန္ဓီ၏အဆုံးအမဖြစ်သည့် အကြမ်းမဖက်ရေးလမ်းကြောင်းကို ချန်ရစ်ခဲ့ခြင်းဖြင့် ဆန့်ကျင်လှုပ်ရှားမှုသည် သေချာပေါက် ကျရှုံးရန်သာရှိသည်။

လက်ရှိအနေအထားတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ ချမ်းသာကြွယ်ဝရေးနှင့် နိုင်ငံသားအားလုံး အတွက် ဖွံ့ဖြိုးတိုးတက်ရေး အနာဂတ်လမ်းကြောင်းမှာ ဝေဝါးကြမ်းတမ်းနေစဲဖြစ်သည်။ လက်ရှိ အခြေအနေများအရ ကျန်းမာရေးဆိုင်ရာ လက်ငင်းစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားပြီးချိန်တွင် သက်ဆိုင်သူအားလုံးအနေဖြင့် ပြန်လည်သင့်မြတ်ရေး ဆောင်ရွက်ရန်၊ ခြေတစ်လှမ်းနောက်ဆုတ်၍ အခြေအနေကို လက်တွေ့ ကျကျ သုံးသပ်ရန် လိုအပ်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံအာဏာနှင့် အုပ်ချုပ်ရေးကို အခက်အခဲ များကြားမှ ချုပ်ကိုင်လာနိုင်ခဲ့သည်။ ၁-၈-၂၀၂၁ ရက်နေ့က ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဝန်ကြီးချုပ် အဖြစ် ဦးဆောင်သည့် အိမ်စောင့်အစိုးရကို ဖွဲ့စည်းခဲ့ခြင်းဖြင့် အစိုးရသည် နောက်ထပ် ၂၄ လ

လွန်မြောက်ပြီး နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာသည့်ကာလပြီးဆုံးချိန်တွင် လွတ်လပ်၍ မျှတသော အထွေထွေ ရွေးကောက်ပွဲသစ်ကို ကျင်းပပေးသွားနိုင်မည်ဖြစ်သည်။

ကနဦးက အားကောင်းခဲ့သော အရပ်ဖက် ဖီလာဆန့်ကျင်ရေးလှုပ်ရှားမှုနှင့် ဆန္ဒထုတ်ဖော်မှုများသည် ပျောက်ကွယ်သွားပြီဖြစ်သည်။ NUG နှင့် CRPH တို့သည် တရားမဝင် အဖွဲ့အစည်းများ ဖြစ်လာပြီး ယင်းအဖွဲ့အစည်းများ၏ အဖွဲ့ဝင်များ၊ အားပေးထောက်ခံသူများသည် အကြမ်းဖက်ဥပဒေအရ (သို့) နိုင်ငံတော်သစ္စာဖောက်မှုတို့ဖြင့် တရားစွဲဆိုခံထားရသည်။ သို့ဖြစ်ရာ NUG နှင့် CRPH အနေဖြင့် ပြည်ပသို့မဟုတ် ကေအင်ယူ၊ ကေအိုင်အို ထိန်းချုပ်နယ်မြေများတွင် မြေအောက်လှုပ်ရှားမှုအဖြစ် ဖြန့်ခွဲလှုပ်ရှားနေပြီး အနာဂတ်တွင် ယုံကြည်အားကိုးလောက်သည့် နိုင်ငံရေးအင်အားစု ဖြစ်လာနိုင်ဖွယ်မရှိချေ။ NUG နှင့် CRPH ခေါင်းဆောင် အများစုသည် မြန်မာနိုင်ငံမှ ထွက်ခွာ၍ ဥရောပ၊ အိန္ဒိယနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့တွင် ရောက်ရှိနေကြပြီဖြစ်ရာ လက်ရှိမြေပြင်အခြေအနေကို ထိန်းချုပ်နိုင်ခြင်း (သို့) သိရှိနိုင်ခြင်းမရှိပေ။

NUG ခေါင်းဆောင်ပိုင်း၏ ကျန်ရှိနေသည့် နိုင်ငံရေး ဦးတည်ချက်မှာ ယင်းတို့အဖွဲ့အစည်းကိုသာ အကျိုးပြုမည့် တရားဝင်အသိအမှတ်ပြုမှု ရရှိရေးဖြစ်သည်။ NUG ခေါင်းဆောင်ပိုင်းအနေဖြင့် အနောက်တိုင်း၏ နိုင်ငံရေး မျှော်မှန်းချက်များကို နားလည်နိုင်စွမ်းမရှိမှုကြောင့် အဆိုပါဦးတည်ချက်မှာလည်း လက်လှမ်းမမှီဖြစ်နေပုံရသည်။ ကုလသမဂ္ဂအထွေထွေညီလာခံမတိုင်မီ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် ခန့်အပ်လွှာ အပြိုင်အဆိုပြုခြင်းကိစ္စသည် နိုင်ငံတကာမျက်မှာစာတွင် NUG အစိုးရအား နောက်ဆုံးမြင်တွေ့ရမှု ဖြစ်ကောင်းဖြစ်နိုင်သည်။ NUG သည် အမှန်တကယ် ဌာနလက်ကိုင်မရှိသည့် ဝန်ကြီးများ၊ ဒုဝန်ကြီးများ (shadow ministers and their deputies) ခန့်အပ်ထားသော်လည်း အမှန်ကတယ် ခေါင်းဆောင်မှုပေးရန် လိုအပ်သည့် အထောက်အပံ့ ဖွဲ့စည်းတည်ဆောက်မှုများ မရှိဘဲ အစိုးရတစ်ရပ်၏ ဩဇာလွှမ်းမိုးမှုကိုလည်း ဖြန့်ကျက်နိုင်စွမ်းမရှိသည်ကို တွေ့ရသည်။ ရိုဟင်ဂျာဆိုသူများကိစ္စတွင် အရှည်တည်တံ့မည့် အဖြေများအတွက် ကတိကဝတ်များ အဆောတလျင်ပြုသော်လည်း အောင်မြင်မှုမရှိချေ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ကျယ်ကျယ်လောင်လောင် အပြစ်တင်ဝေဖန်ရုံမှလွဲ၍ ပိုမိုကောင်းမွန်သည့် အဖြေများ အကြံပြုတင်ပြနိုင်ခြင်းမရှိသကဲ့သို့ မည်သည့် မူဝါဒကိုမျှ ၎င်းတို့ဖာသာ လုပ်ဆောင်နိုင်ခြင်းမရှိချေ။

ယင်းနှင့်စပ်လျဉ်း၍ အဓိကမေးခွန်းထုတ်ရမည်မှာ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ အာဏာလွှဲပြောင်းရယူမှု၏ နောက်ကွယ်ရှိ တကယ့် အကြောင်းအရင်းများကို ဖြစ်သည်။ NLD အစိုးရလက်ထက်တွင် ဖြစ်ပွားခဲ့သော မည်သည့်စိန်ခေါ်မှုများသည် တပ်မတော်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ နိုင်ငံရေး၌ ပိုမိုတက်ကြွသည့် အခန်းကဏ္ဍမှ ပါဝင်စေခဲ့ပါသနည်း။

တပ်မတော်အနေဖြင့် ပိုမိုကြီးမားသည့် နိုင်ငံရေးဩဇာ ကျင့်သုံးခြင်း၏ အကြောင်းရင်းများကို အများက ဆွေးနွေးငြင်းခုန်လျက်ရှိကြသည်။ အားကောင်းသည့် အကြောင်းပြချက်နှင့် မြန်မာနိုင်ငံရေးတွင် အရပ်ဖက်နှင့် တပ်ဖက်အကြား ကျော်လွှား၍ မရနိုင်သည့် တင်းမာမှုများ ရှိနေခဲ့ခြင်းကြောင့် တပ်မတော် နေဖြင့် ဤလမ်းကြောင်းကို လျှောက်လှမ်းရန် ဆုံးဖြတ်ခဲ့ပုံရသည်မှာ ထင်ရှားသည်။

တပ်မတော်မှ နိုင်ငံရေးထိန်းချုပ်မှုရယူခြင်း၏ ဖြစ်နိုင်သည့် အဓိက နောက်ကွယ် အကြောင်းအချက် သုံးချက်မှာ –

(က) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ
- ၂၀၂၀ ရွေးကောက်ပွဲများ၏ လွတ်လပ်မျှတမှုကို တပ်မတော်နှင့် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများက သံသယရှိကြောင်း ဖော်ပြခဲ့ကြသည်။

(ခ) နိုင်ငံအတွင်း အင်အား မျှခြေမရှိမှု
- ပျက်စီးယိုယွင်းနေပုံရသော အရပ်ဖက်–စစ်ဖက် ဆက်ဆံရေးကို ကျော်လွန်၍ကြည့်ပါက နေပြည်တော်နှင့် တိုင်းရင်းသား သက်ဆိုင်သူများအကြား ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ ဆက်ဆံရေးတွင် စိန်ခေါ်မှုများရှိနေခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အာဏာရယူခဲ့ရသည့် အကြောင်းတစ်ရပ်ဖြစ်သည်။

(ဂ) ပြည်တွင်းအကျိုးစီးပွားများကို ဟန်ချက်ညီထိန်းညှိ၍ ပြည်တွင်းရေးတွင် ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုကို ကြံ့ကြံ့ခံမှု
- ရှစ်လေးလုံး အရေးအခင်းမှစ၍ (အထူးသဖြင့် ၂၀၀၈ ခုနှစ်၊ ဆိုင်ကလုန်းနာဂစ်အပြီး ကယ်ဆယ်ရေး ဆောင်ရွက်မှုများမှစ၍) အနောက်နိုင်ငံရေးအင်အားစုသည် တစ်ကိုယ်ကောင်းဆန်သည့် နိုင်ငံရေးစေ့ဆော်မှုများဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်ရန်နှင့် ဒီမိုကရေစီ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းနှင့် လွတ်လပ်သည့် မီဒီယာဟူသည့် အပေါ်ယံမျက်နှာစာ ပျိုးထောင်ရန် မဆုတ်မနစ် ဆောင်ရွက်လာခဲ့ကြသည်။ မြန်မာနိုင်ငံအနေဖြင့် အနောက်နိုင်ငံရေးအင်အားစုများ၏ အပိုင်စီးထိန်းချုပ်မှုကို သတိမမူမိဘဲ အချို့သော မူဝါဒဖော်ဆောင်မှုများသည် အမျိုးသားအကျိုးစီးပွားများနှင့် ဆန့်ကျင်နေသည်မှာ သံသယဖြစ်ဖွယ်မရှိချေ။ အင်အယ်လ်ဒီအစိုးရလက်ထက် မြန်မာ့စီးပွားရေး ပြုပြင်ပြောင်းလဲရေး အစီအစဉ်သည် ဝါရှင်တန်၏ တိုက်တွန်းမှုဖြစ်ပြီး ယင်းသည် အခြေကျနေသည့် စီးပွားရေးအထက်တန်းလွှာများအကြား ခုခံဆန့်ကျင်မှုများနှင့် ကြုံတွေ့ကောင်းကြုံတွေ့ခဲ့ရနိုင်သည်။ ဘဏ်လုပ်ငန်းနှင့် အာမခံလုပ်ငန်းမှစ၍ လက်လီ၊ လက်ကား ကုန်သွယ်ရေးမှသည် မြောက်မြားစွာသော စီးပွားရေး အခွင့်အလမ်းများကို ပြည်ပကုမ္ပဏီအားသို့ ပေးအပ်ခဲ့သော်လည်း အကျိုးအမြတ် များများစားစား ပြန်လည်ရရှိခြင်း မရှိခဲ့ပေ။ အလားတူစွာ နိုင်ငံ၏ အဓိက အခြေခံအဆောက်အအုံ စီမံကိန်းများကို ပြန်လည်သုံးသပ်ရေး ဘုတ်အဖွဲ့ဖြစ်သည့် ပရောဂျက်ဘဏ် ကဲ့သို့သော အဖွဲ့ဖြင့် ပွင့်လင်းမြင်သာမှုဆိုင်ရာ ဆောင်ရွက်ချက်များသည် လုပ်ငန်းတစ်ဆို့ ကြန့်ကြာမှုများကြုံတွေ့၍ ပြည်တွင်းပုဂ္ဂလိကကဏ္ဍအကြား အခွင့်အရေးများ ဆုံးရှုံးသည်ဟု ခံစားရကာ စိတ်ပျက်မှုများဖြစ်ပေါ်စေခဲ့သည်။

စင်စစ်တွင် ၂၀၀၈ ခုနှစ်၌ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာခဲ့ပြီးနောက်ပိုင်းမှစ၍ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှတစ်ဆင့် တိုင်းရင်းသားနယ်စပ်ဒေသများတွင် ရန်လိုမှုများ ရပ်ဆိုင်းရေး၊ ထိုက်သင့်သည့် စီးပွားရေးတံခါးဖွင့်မှုတို့ နှင့်စပ်လျဉ်း၍ မှတ်သားလောက်သည့် တိုးတက်မှုများ ရရှိခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် အလားအလာရှိသည့် ဈေးကွက်အနေဖြင့် ပေါ်ထွက်လာအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်တွင်းနှင့် ပြည်ပနှင့် ချိတ်ဆက်ဆောင်ရွက်ရသည့် စီးပွားရေး

လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်မည့် အခြေအနေရှိခဲ့သည်။ ဦးသိန်းစိန်အစိုးရလက်ထက်တွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အနေဖြင့် အရေးပါသည့် မှတ်ကျောက်တင်နိုင်ခဲ့သည်။ ယင်းတို့အနက် အသိသာဆုံးမှာ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် ဆယ်စုနှစ်က တိုးတက်မှုရရှိထားသည့် စီးပွားရေးနှင့် နိုင်ငံရေး ပြန်လည်သင့်မြတ်မှုကို ညတွင်းချင်း ပျက်ယွင်းသွားအောင် မလုပ်နိုင်လောက်ဟု ဆက်လက်မျှော်လင့်ရသည်။

**ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ (၂၀၂၀ ရွေးကောက်ပွဲ မသမာမှုဆိုင်ရာ ပြောကြားမှုများသည် အခြေအမြစ်ရှိသလား)**

၂၀၂၀ ရွေးကောက်ပွဲများသည် အချက်အချာကျသည့် နိုင်ငံရေးဖြစ်ရပ်တစ်ခုဖြစ်ပြီး တပ်မတော်မှ ယင်းအနေဖြင့် နိုင်ငံရေးတွင်ပါဝင်မှု တိုးချဲ့ရန် ဆုံးဖြတ်ခဲ့ရခြင်းနှင့် သက်ဆိုင်နေသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၀ ရွေးကောက်ပွဲများ ပြင်ဆင်ရေး၊ ကျင်းပရေးနှင့် နိုင်ငံတကာမှ လာရောက်စောင့်ကြည့်ရေးကိစ္စများသည် အနှောက်အယှက်ဖြစ်ခဲ့ရသည်။

ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲနေ့တွင် ကိုဗစ်-၁၉ ဆိုင်ရာ ကြိုတင် ကာကွယ်ရေး အစီအမံများကို စွမ်းအားရှိသလောက် အကောင်းဆုံးပြုလုပ်ခဲ့သော်လည်း ရွေးကောက်ပွဲ မကျင်းပမီ ကိုဗစ်-၁၉ ကာလအတွင်း နိုင်ငံရေးပါတီများအနေဖြင့် မဲဆွယ်ရေးလုပ်ငန်းများကို မည်သို့ ဆောင်ရွက်ခဲ့သည်ဆိုခြင်းမှာ မေးခွန်းထုတ်ဖွယ်ဖြစ်သည်။

မြန်မာနိုင်ငံ၏ တိုင်းရင်းသား၊ ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှုနှင့် ဘာသာစကားများ ပေါကြွယ်ဝမှုကြောင့် အားလုံးပါဝင်သည့် ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရေးကိစ္စသည် လွယ်ကူသည့်ကိစ္စ မဟုတ်ပေ။ ပြည်သူဆန္ဒနှင့် နိုင်ငံအတွင်းရှိ အမျိုးမျိုးသော အုပ်စုများကို တိုင်းရင်းသား၊ ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှုနှင့် ဘာသာစကားများအရ ကွဲပြားသည့် ခေါင်းဆောင်များက ကိုယ်စားပြု နေသည်။ ၂၀၂၀ ရွေးကောက်ပွဲများတွင် ဖြစ်ပေါ်ခဲ့သည့် တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် အင်အားနည်းသည့် နိုင်ငံရေးပါတီများ၏ ကံကြမ္မာကို ပိုမိုအာရုံစိုက်ရန် လိုအပ်သည်။ တိုင်းရင်းသား နိုင်ငံရေးပါတီများနှင့် အင်အားနည်းသည့် နိုင်ငံရေးပါတီများအနေဖြင့် ယုံကြည်စိတ်ချရသော မဲဆွယ်စည်းရုံးရေး ပြုလုပ်နိုင်မည်လော၊ ကောင်းစွာအခြေကျနေသည့် NLD နှင့် USDP တို့ကဲ့သို့ အင်အားကြီးနိုင်ငံရေးပါတီများအား ယင်းတို့၏ အမြင်၊ မူဝါဒရပ်တည်ချက်များဖြင့် ယှဉ်ပြိုင်သွားနိုင်မည်လော ဆိုသည်မှာ စဉ်းစားစရာ ဖြစ်သည်။

၂၀၂၀ ရွေးကောက်ပွဲရလဒ်အရ ဒေါ်သက်သက်ခိုင်၏ People’s Pioneer Party နှင့် ဦးသူရရွှေမန်းတို့၏ Union Betterment Party ကဲ့သို့ ပါတီသစ်များနှင့် တိုင်းရင်းသား မဲဆန္ဒရှင်များအတွက် မအောင်မြင်မှုတစ်ခုဖြစ်ခဲ့ကြောင်း ပြဆိုနေသည်။ ပါတီသစ်များနှင့် တိုင်းရင်းသားပါတီများ ကိုယ်စားပြုနိုင်မှုအားနည်းခြင်း (စင်စစ်တွင် ကိုယ်စားပြုနိုင်ခဲ့မှုမရှိခြင်း) သည် အနိုင်ရသူ အကုန်ယူ (first-past-the-post) ရွေးကောက်ပွဲစနစ်ကြောင့်သာ မဟုတ်ဘဲ ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် စည်းမျဉ်းကန့်သတ်ချက်များကြောင့် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ မပြုလုပ်နိုင်ခြင်းကြောင့်လည်း ဖြစ်သည်။ ပါတီဝင်အင်အားများပြားပြီး လူထုထောက်ခံမှုရှိသော်လည်း ကိုဗစ်-၁၉ ကာလအတွင်း မဲဆွယ်စည်းရုံးရေးဆိုင်ရာ အခွင့်အရေးများ တူညီစွာမရရှိမှုသည် ပါတီသစ်များနှင့် ပါတီငယ်များအတွက် လွှတ်တော်၌ ကိုယ်စားပြု

နေရာ မရရှိစေသည့် အကြောင်းအရင်းဖြစ်သည်။ ပြည်သူ့ပါတီ ဥက္ကဋ္ဌ ဦးကိုကိုကြီးက မြန်မာ့ဒီမိုကရေစီစနစ်တွင် အပြန်အလှန် ထိန်းကျောင်းမှုများသည် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးမဏ္ဍိုင်များတွင် နိုင်ငံရေးပါတီတစ်ခုတည်းက ထိန်းချုပ်ထားသည့် အခြေအနေကြောင့် တိုက်စားခံရမည်ကို စိုးရိမ်ကြောင်း၊ ကျွန်တော်တို့အနေနဲ့ အစိုးရအပေါ် အပြန်အလှန် ထိန်းကျောင်းမှု တကယ်လုပ်ဆောင်မယ့်လွှတ်တော်တစ်ရပ်ရှိရန် ဆန္ဒရှိကြောင်း၊ သို့ဖြစ်ရာ ပါတီတစ်ခုတည်းက လွှမ်းမိုးထားမှုကြောင့် အပြန်အလှန် ထိန်းကြောင်းမှု လုပ်ဆောင်နိုင်မည့်စနစ်အား ထိခိုက်မည်ကို စိုးရိမ်ကြောင်း ပြောကြားခဲ့သည်။ USDP ပါတီ အပါအဝင် နိုင်ငံရေးပါတီ ၂၄ ခုက ပေါ်ပေါ်ထင်ထင် ကန့်ကွက်နေသည့်ကြားမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကိုဗစ်-၁၉ ကူးစက်ရောဂါလှိုင်း ပြင်းထန်မှု အခြေအနေကို လျစ်လျူရှု၍ မူလစီစဉ်ထားသည့်အတိုင်း ၂၀၂၀ ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၄ တွင် လက်ရှိ သမ္မတ (သို့) ဒုသမ္မတသည် နိုင်ငံရေးပါတီတစ်ခု၏ အဖွဲ့ဝင်ဖြစ်လျှင် ၎င်းတို့အနေဖြင့် နိုင်ငံတော် ရာထူးတာဝန်ယူထားသည့် သက်တမ်းကာလအတွင်း ပါတီလှုပ်ရှားမှုများတွင် ပါဝင်ခြင်း မရှိရဟု ဆိုထားသည်။ သမ္မတဦးဝင်းမြင့်သည် ယင်းပြဋ္ဌာန်းချက်ကို ချိုးဖောက်၍ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် အွန်လိုင်းမှတစ်ဆင့် ပါတီမဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အာရုံမစိုက်ဘဲ နေ၍မရသည့် ဝေဖန်ပြောဆိုမှုများတွင် အမျိုးသားလွှတ်တော် ရွေးကောက်ခံကိုယ်စားလှယ်များအား ရွေးချယ်သည့် မဲဆန္ဒနယ်မြေများအား အပြောင်းအလဲ ပြုလုပ်ခြင်းလည်းပါဝင်သည်။ ဥပမာအားဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ သက်ဆိုင်သူများ၊ မဲဆန္ဒရှင်များအနေဖြင့် ယခင် ရခိုင်အမျိုးသားပါတီ (ANP) အနိုင်ရရှိခဲ့သော ရခိုင်ပြည်နယ်မြောက်ပိုင်း (ဥပမာ၊ မောင်တော) ၌ မဲဆန္ဒနယ်များ ဖယ်ရှားခံခဲ့ရခြင်းနှင့် NLD လွှမ်းမိုးမှုရှိသော ရခိုင်ပြည်နယ်တောင်ပိုင်း (ဥပမာ၊ ဂွ) ၌ မဲဆန္ဒနယ်သစ်များ ဖွဲ့စည်းခဲ့ခြင်းတို့အပေါ် မကျေနပ်သည့် တိုင်တန်းမှုများ ပြုနိုင်ခြင်းဖြစ်သည်။

ပဋိပက္ခဖြစ်ပွားရာဒေသများ၌ ရွေးကောက်ပွဲများအား ဖျက်သိမ်းရာတွင် ညီညာမျှတမှု မရှိခြင်းကြောင့် အချို့သော တိုင်းရင်းသားနှင့် ဘာသာရေးအဖွဲ့အစည်းများအနေဖြင့် မဲပေးခွင့်ဆုံးရှုံးခဲ့ရဟု ခံစားရကောင်း ခံစားရနိုင်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့ဖြင့် ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ မဲဆန္ဒနယ်များစွာနှင့် အချို့သော ကျေးရွာအုပ်စုများတွင် ရွေးကောက်ပွဲများ ဖျက်သိမ်းကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ဖျက်သိမ်းခဲ့သည့် မဲဆန္ဒနယ်များတွင် တိုင်းရင်းသား နိုင်ငံရေးပါတီများအနေဖြင့် သက်ဆိုင်ရာ လွှတ်တော်နေရာများအတွက် ရွေးချယ်ခံရနိုင်သည့် အခွင့်အလမ်းရှိသော နယ်မြေများပါဝင်ပြီး လုံခြုံရေးအခြေအနေအရလည်း ရွေးကောက်ပွဲများ ကျင်းပမည်ဆိုလျှင် ကျင်းပနိုင်သည့် အခြေအနေရှိခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်နှင့်စပ်လျဉ်း၍ မွန်ညီညွတ်ရေးပါတီ၊ ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ၊ ကချင်ပြည်နယ်ပြည်သူ့ပါတီ၊ ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီနှင့် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့အပါအဝင် တိုင်းရင်းသား နိုင်ငံရေးပါတီများစွာက ရွေးကောက်ပွဲများ ကျယ်ကျယ်ပြန့်ပြန့် ဖျက်သိမ်းခြင်းကို လက်မခံကြောင်း ချက်ချင်းဆိုသလို ပူးတွဲထုတ်ဖော်ပြောဆိုခဲ့ကြသည်။

ရခိုင်ပြည်နယ်တွင် ရွေးကောက်ပွဲများ အများဆုံးဖျက်သိမ်းခံခဲ့ရပြီး လူဦးရေ ၁.၁ သန်းခန့် မဲပေးခွင့် ဆုံးရှုံးခဲ့ရသည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲရလဒ်များအရ အဆိုပါ လူဦးရေသည် ရခိုင်အမျိုးသားပါတီနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့ကို အများဆုံးထောက်ခံသူများဖြစ်ကြသည်။

ပေါက်တောမြို့နယ်ရှိ ရွေးကောက်ပွဲများ ဖျက်သိမ်းခဲ့သော်လည်း တိုက်ပွဲများပြင်းထန်သော်လည်း NLD အားပေးထောက်ခံသူများရှိသည့် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်ကဲ့သို့သော မဲဆန္ဒနယ်မြေများတွင် ရွေးကောက်ပွဲများ ကျင်းပခဲ့သည်။ ဖိအားပေးမှုများရှိလာသောအခါမှသာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပလက်ဝမြို့နယ်ရှိ ကျေးရွာအုပ်စု ၉၄ ခုတွင် ရွေးကောက်ပွဲများ ဖျက်သိမ်းကြောင်း ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၇ ရက်တွင် ကြေညာခဲ့သည်။ ရွေးကောက်ပွဲများ ဖျက်သိမ်းခံရသည့် မြို့နယ်များသည် တိုင်းရင်းသားနိုင်ငံရေးပါတီများအတွက် မဲများသိသိသာသာ ရရှိနိုင်သည့် ဒေသများဖြစ်သည်။

မဲပေးနိုင်ခွင့်အပြင် သတင်းအချက်အလက်များအား လက်လှမ်းမီမှုသည်လည်း ရခိုင်ပြည်နယ်တွင် နောက်ထပ် ကြီးမားသည့် အခက်အခဲတစ်ခုဖြစ်သည်။ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်တွင် NLD အစိုးရသည် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ဘူးသီးတောင်၊ မင်းပြား၊ ကျောက်တော်မြို့နယ်များနှင့် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တို့၌ အင်တာနက်ဖြတ်တောက်ရန် ညွှန်ကြားခဲ့သည်။ အင်တာနက်ဖြတ်တောက်မှုကြောင့် မဲပေးသူများအနေဖြင့် ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများနှင့် ၎င်းတို့၏ ရပ်တည်ချက်များနှင့် ပတ်သက်သည့် အချက်အလက်များ ရယူရာတွင် သက်ရောက်မှုရှိခဲ့သည်။ ဤကိစ္စသည် လူဦးရေ တစ်သန်းခန့်အပေါ် အကျိုးသက်ရောက်မှုရှိခဲ့ခြင်းကြောင့် ၂၀၁၅ ရွေးကောက်ပွဲနှင့် နှိုင်းယှဉ်လျှင် တိုင်းရင်းသား နယ်စပ်ဒေသများ၌ ရွေးကောက်ပွဲများ၏ တရားမျှတမှုကို မေးခွန်းထုတ်စရာဖြစ်ခဲ့သည်။

၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ တင်းမာသည့် အခြေအနေများနှင့် အငြင်းပွားဖွယ်ရာကိစ္စများ ရှိခဲ့သည်မှာလည်း သိသာထင်ရှားသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲမတိုင်မီ ရက်အနည်းငယ်အလိုတွင် ညီညွတ်သော ဒီမိုကရက်တစ်ပါတီ (UDP) ကို ရုတ်တရက် ဖျက်သိမ်းခဲ့သည်။ ယင်းပါတီတွင် NLD ပါတီကဲ့သို့ ကိုယ်စားလှယ် လောင်း ၁,၀၀၀ ကျော် ပါဝင်ပြီး ပါတီခေါင်းဆောင် မိုက်ကယ်ကျော်မြင့်ကို အရည်အချင်း မပြည့်မီဟုဆိုကာ ပယ်ချ၍ ငွေကြေးခဝါချမှု ဥပဒေကို ချိုးဖောက်မှုဖြင့် ဖမ်းဆီးခဲ့သည်။ ၎င်းသည် ၂၀၁၅ ခုနှစ်တွင် တရုတ်နိုင်ငံမှ မြန်မာကျပ်ငွေ ၁၆ ဘီလီယံရယူကြောင်းနှင့် တရားမဝင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ကြောင်း စွပ်စွဲခံခဲ့ရသည်။

အလားတူ ကော့မှူးမြို့နယ်၌ ဒေါ်အောင်ဆန်းစုကြည်နှင့်အပြိုင် ရွေးကောက်ခံမည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ဦးဌေးအောင်သည်လည်း ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံခြားသားများနှင့် လျှို့ဝှက်ပူးပေါင်း ဆောင်ရွက်သည်၊ မမှန်ကန်မှုများ ပြုလုပ်နေခြင်းတို့ရှိသည်ဟု ဝေဖန်ပြောဆိုခဲ့ခြင်းကြောင့် နိုင်ငံတော်အကြည်ညိုပျက်စေမှုဖြင့် ဖမ်းဆီးခံခဲ့ရသည်။ ဦးဌေးအောင်၏ စွပ်စွဲချက်များကို အချက်အလက် ဖြေရှင်းချက်ပေးနိုင်သော်လည်း NLD အစိုးရသည် ၎င်းတို့၏ ပြိုင်ဘက် ဦးဌေးအောင်ကို နှစ်ရှည် ထောင်ဒဏ်ချမှတ်၍ နှုတ်ဆိတ်စေခဲ့သည်။

အလားတူ ရွေးကောက်ပွဲမတိုင်မီ ကိုယ်ထိလက်ရောက် အကြမ်းဖက်မှုများကို ထောက်ရှု၍ နိုင်ငံရေးမျက်နှာစာများတွင် အုပ်စုကွဲနေမှုများသည် သိသာနေခဲ့သည်။ ဥပမာအားဖြင့် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၉ ရက်တွင် NLD ရွေးကောက်ပွဲ ချီတက်အင်အားပြမှုတစ်ခုသည် ခြိမ်းခြောက်မှုများ

ကြုံတွေ့ခဲ့ရပြီးနောက် ပစ်မှတ်ထား တိုက်ခိုက်ခံခဲ့ရသည်။ နိဝင်ဘာလ ရွေးကောက်ပွဲမတိုင်မီ ရက်ပိုင်း အလိုတွင် ပဲခူးတိုင်း UEC ရုံး ပရဝဏ်အတွင်း ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။ ယင်းကဲ့သို့ အဖြစ်အပျက်များသည် ၂၀၁၀ ရွေးကောက်ပွဲနှင့် ၂၀၁၅ ရွေးကောက်ပွဲ တို့တွင် ဖြစ်ပွားခဲ့ခြင်းမရှိကို ပြန်ပြောင်း သတိရသင့်သည်။ နိုင်ငံအနှံ့အပြား၌ ဖြစ်ပွားနေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တိုင်းရင်းသားလက်နက်ကိုင်များအကြား လက်နက်ကိုင်ပဋိပက္ခများသည် ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ရေးနှင့် နိုင်ငံရေးပါတီများ၏ မဲဆွယ်စည်းရုံးရေးတို့ လုပ်ဆောင်ရာတွင် ရှုပ်ထွေးစေခဲ့သည်။

တပ်မတော်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ဆောင်ချက်များနှင့် စပ်လျဉ်းပြီး လူသိရှင်ကြား အကြိမ်ကြိမ် ထောက်ပြပြောဆိုခဲ့ခြင်းများသည် တပ်မတော်မှ အာဏာလွှဲပြောင်းရယူမှုဖြစ်နိုင်ချေကို ပြသသည့် အဦးဆုံးသော အရိပ်အယောင်များဖြစ်သည်။ သမိုင်းပညာရှင် ဦးသန့်မြင့်ဦးက တွေ့ဆုံမေးမြန်းခန်းတစ်ခု၌ တပ်မတော်အနေဖြင့် NLD ပါတီနှင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် ကာလရှည်ကြာ ကျေနပ်အားရခြင်းမရှိဟု ပြောကြားခဲ့သည်။

ရေးရိုးစွဲဆန်သည့် USDP ပါတီ၏ လူကြိုက်များမှုကိုလည်း သေချာပေါက် လျော့တွက်ခဲ့ကြသည်။ USDP ပါတီသည် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့၌ (၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင်) ဂဏန်းတစ်လုံးသာရှိသည့် ရာခိုင်နှုန်းသာ နေရာရရှိခဲ့သော်လည်း ဒုတိယအကြီးဆုံးနိုင်ငံရေးပါတီအဖြစ် NLD ပါတီနောက်၌ ရပ်တည်လာခဲ့ခြင်းဖြစ်သည်။ တရားဝင်ရွေးကောက်ပွဲရလဒ်များအရ USDP ပါတီ၏ မဲရရှိမှုပမာဏသည် လွှတ်တော်အသီးသီး၌ ၂၂ ရာခိုင်နှုန်းဝန်းကျင် ရှိကြောင်း၊ first-past-the-post-election-system နှင့် မဲဆန္ဒနယ်မြေများတွင် ဆန္ဒမဲ ဖြန့်ကျက်မှု အကျိုးရလဒ်အနေဖြင့် NLD ပါတီသည် အချိုးအဆများစွာ နေရာပိုမိုရရှိခဲ့ပြီး USDP နှင့် တိုင်းရင်းသားပါတီများသည် ကိုယ်စားပြုခွင့်များစွာ လျော့နည်းရရှိခဲ့သည်။

နေပြည်တော် ပြည်ထောင်စုနယ်မြေရှိ မဲဆန္ဒနယ်များကို ဥပမာအနေဖြင့် ကြည့်နိုင်မည်ဖြစ်သည်။ အငြင်းပွားဖွယ်ရှိကောင်းရှိနိုင်သော်လည်း USDP အနေဖြင့် ပြည်သူ့ဝန်ထမ်းများအကြား ထောက်ခံမှုအနေအထားတစ်ရပ် ရရှိထားသည်။ USDP ပါတီအား ထောက်ခံသူ ဝန်ထမ်းအချို့မှာ ဦးသိန်းစိန်အစိုးရသို့မဟုတ် ယခင်အစိုးရများလက်ထက်ကတည်းက ဝန်ထမ်းဖြစ်နေကြသူများဖြစ်သည်။ NLD အနေဖြင့် ဇေယျာသီရိမြို့နယ်မှလွဲ၍ ကျန်ရှိသည့် နေပြည်တော် မဲဆန္ဒနယ်များအားလုံးတွင် အနိုင်ရရှိနိုင်ခဲ့ခြင်းကြောင့် ရေးရိုးစွဲအမြင်ရှိသူများနှင့် အမျိုးသားရေးဝါဒီအမြင် ရှိသူများအနေဖြင့် ၎င်းတို့၏ ကိုယ်စားပြုခွင့်ဆုံးရှုံးသည်ဟု ခံစားရနိုင်သည်။

အချိုးကျကိုယ်စားပြုမှု အထိုက်အလျောက် ဖြစ်ပေါ်နိုင်ရေးအတွက် ရွေးကောက်ပွဲစနစ်အားပြင်ဆင်မှုတစ်စုံတစ်ရာမရှိခဲ့ခြင်းသည် ၂၀၂၀ ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများအကြား မကြေနပ်မှုများကို ဖြစ်ပေါ်စေခဲ့ပုံရသည်။ ဆန္ဒမဲများ ဆုံးရှုံးခြင်းနှင့် ရလဒ်အနေဖြင့် တင်းမာမှု

များဖြစ်ပေါ်ခြင်းများကို လျှော့ချနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတွင် အချိုးကျ ကိုယ်စားပြုမှု စနစ်တစ်ရပ် ပါဝင်လာရေး ဆက်လက် မျှော်လင့်ရမည်ဖြစ်သည်။

တပ်မတော်နှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ရွေးကောက်ပွဲရလဒ်များကို ပြန်လည်စစ်ဆေးပေးရန် အကြိမ်ကြိမ် တောင်းဆိုခဲ့သည်။ သို့သော်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် စုံစမ်းစစ်ဆေးမှု ကောင်းစွာ ဆောင်ရွက်ခြင်းမရှိဘဲ ပယ်ချခဲ့သည်။ ထိုစဉ်က အထောက်အထားအချို့အရ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာလအတွင်း အသက်အရွယ်ကြီးရင့်သူများအတွက် ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် ခရီးသွားလာခွင့်နှင့် အသွားအလာ စောင့်ကြည့်ကန့်သတ်ချက်များရှိခြင်းကြောင့် မဲစာရင်းပါရှိပြီး မဲဆန္ဒနယ် ကျော်လွန်ရောက်ရှိနေသူများအတွက် ရောက်ရှိရာနေရာတွင် မဲပေးခြင်းတို့၌ အခက်အခဲများရှိခဲ့သည်ကို တွေ့ရသည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလလယ်ပိုင်းတွင် USDP ပါတီသည် NLD အား မဲမသမာမှုများ ကြီးကြီးမားမား ပြုလုပ်ခဲ့ကြောင်း စွပ်စွဲခဲ့သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း စုံစမ်းစစ်ဆေးမှု ပြုလုပ်ပေးရန် တောင်းဆိုခဲ့သည်။ ၂၀၂၀ ရွေးကောက်ပွဲများနှင့် ပတ်သက်၍ နိုင်ငံရေးပါတီများ၏ ကန့်ကွက်မှုများကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ပထမဆုံးအကြိမ် လွှတ်တော်အစည်းအဝေး ကျင်းပပြီးသည့် အချိန်မှသာ ခုံအဖွဲ့များဖြင့် စစ်ဆေးရန် စီစဉ်ထားခဲ့သည်။ စုံစမ်းစစ်ဆေးမှုပြုလုပ်ခြင်းသည် အချို့မဲဆန္ဒနယ်များတွင် ရွေးကောက်ပွဲရလဒ်များကို ပြောင်းလဲနိုင်မည်လားဆိုခြင်းကို ပြောရန်ခက်သော်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ယင်းသို့သော နိုင်ငံရေးလုပ်ဆောင်ချက်သည် နိုင်ငံရေးပါတီများ၏ ကန့်ကွက်မှုများအား ကိုင်တွယ်ဖြေရှင်းသည့် ၎င်း၏ စွမ်းဆောင်ရည်အပေါ် ယုံကြည်စိတ်ချမှု ကင်းမဲ့စေခဲ့သည်။ NLD အစိုးရအနေဖြင့် စုံစမ်းစစ်ဆေးပေးရန် တောင်းဆိုမှုနှင့် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလကုန်၌ အရေးပေါ် လွှတ်တော်အစည်းအဝေးခေါ်ယူပေးရန် တောင်းဆိုမှုတို့ကို ငြင်းဆန်ခဲ့သည်။ ညှိနှိုင်းမှုများ မအောင်မြင်မှု အကျိုးဆက်အနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ပထမအကြိမ် လွှတ်တော် အစည်းအဝေးသစ်မစတင်မီ နာရီပိုင်းအလိုတွင် ကမ္ဘာကမြင်တွေ့ခဲ့ရသည့် နိုင်ငံရေးအပြောင်းအလဲကို ဖြစ်ပေါ်စေခဲ့သည်။

၂၀၂၀ ပြည့်နှစ်၊ ဇွန်လအတွင်း ရုရှားမီဒီယာနှင့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော်အနေဖြင့် ၂၀၂၀ ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှုရှိရန် အရေးကြီးသည်ဟု မှတ်ယူထားကြောင်းဖြင့် ပြောကြားခဲ့သည်။ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့က ပြုလုပ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် USDP အပါအဝင် နိုင်ငံရေးပါတီ ၃၄ ခုနှင့် တွေ့ဆုံပွဲတွင် နိုင်ငံရေးပါတီများက ၂၀၂၀ ရွေးကောက်ပွဲများ လွတ်လပ်၍ တရားမျှတမှုရှိရေး သေချာအောင်ဆောင်ရွက်ပေးရန် ပြောကြားခဲ့ကြသည်။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲများနှင့် စပ်လျဉ်း၍ အချက် ၇ ချက်ကို ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ ထုတ်ပြန်ကြေညာချက်တွင် ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ရာတွင် အမှားအများအပြားရှိသည်ဆိုခြင်းများနှင့်စပ်လျဉ်း၍

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဝန်ထမ်းများ၏ မဲစာရင်းများ ပြင်ဆင်မှုကဲ့သို့သော သက်ဆိုင်ရာ နည်းစနစ်ပိုင်း မှန်ကန်ကျွမ်းကျင်မှုကို မေးခွန်းထုတ်ခဲ့သည်။

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၃၀ ရက်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် အခြား နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲနှင့်ပတ်သက်၍ တိုင်တန်းမှုများသည် အချည်းနှီးဖြစ်ခဲ့ရသည်။ ရွေးကောက်ပွဲဖြစ်စဉ်အား ပြန်လည်ဆန်းစစ်နိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ စာရွက်စာတမ်း မိတ္တူ များပေးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံ တောင်းဆိုခြင်းဖြင့် တပ်မတော်သည် နိုင်ငံရေးပါတီများ၏ မေတ္တာရပ်ခံချက်တွင် ပါဝင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၀ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများကို ရည်ညွှန်းကိုးကားလျက် တပ်မတော်အား ရွေးကောက်ပွဲဆိုင်ရာ စာရွက်စာတမ်းများပေးရန် ငြင်းဆိုခဲ့သည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ပူးပေါင်းဆောင်ရွက်ရန် ငြင်းပယ်ပြီးနောက် နိုင်ငံတစ်ဝန်း မဲဆန္ဒရှင်စာရင်း များကို တပ်မတော်အနေဖြင့် စစ်ဆေးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၃ ရက်တွင် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ဆန္ဒမဲအရေအတွက် (၇၀,၀၀၀) ကျော် နစ်နာမှုနှင့်အတူ မြို့နယ်အများအပြားတွင် မဲဆန္ဒရှင်စာရင်း မသမာမှုများရှိခဲ့ကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသေးစိတ်တုံ့ပြန်မှုမပြုဘဲ တပ်မတော်၏ ပြောကြားချက်များကို ပယ်ချခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် မဲသမာမှုရှိသည်ဟူသော စာရင်းသည် (၈.၆) သန်းအထိ များပြားလာခဲ့သည်။

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်တွင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ ရခိုင်အမျိုးသားပါတီနှင့် အခြားနိုင်ငံရေးပါတီတို့မှ လွှတ်တော် ကိုယ်စားလှယ် (၂၀၃) ဦး တို့သည် ရွေးကောက်ပွဲ မဲသမာမှုကိစ္စရပ်ကို ဆွေးနွေးရန်အတွက် ဖေဖော်ဝါရီလ ၁ ရက် မတိုင်မီ အရေးပေါ် လွှတ်တော်အစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပပေးရန် အဆိုပြုခဲ့ကြသည်။ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ခု၌ တပ်မတော် ပြောရေး ဆိုခွင့်ရှိသူက တပ်မတော်၏ အာဏာလွှဲပြောင်းရယူနိုင်ခြေနှင့်စပ်လျဉ်း၍ ငြင်းဆိုခဲ့ခြင်း မရှိပေ။

ထိုသို့ပြောကြားချက်ကို တုံ့ပြန်သည့်အနေဖြင့် ဇန်နဝါရီလ ၂၇ ရက်တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ၏ ဗဟိုအလုပ်မှုဆောင်ကော်မတီဝင်တစ်ဦးဖြစ်သူ ဦးမျိုးညွန့်က တပ်မတော်မှ အာဏာ လွှဲပြောင်းယူနိုင်မှုနှင့်စပ်လျဉ်း၍ စိုးရိမ်ရန် မလိုအပ်ကြောင်း မီဒီယာများအား ပြောကြားခဲ့သည်။ တပ်မတော်မှ အာဏာလွှဲပြောင်းယူမည့် အလားအလာနှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မှားယွင်းတွက်ချက်မှုကို ထင်ရှားပေါ်လွင်စေသည့် “No need to worry about coup, NLD says” ခေါင်းစဉ်သည် ဇန်နဝါရီလ ၂၈ ရက်ထုတ် မြန်မာတိုင်းမ်၏ ဆောင်းပါးခေါင်းစဉ်ဖြစ်ခဲ့သည်။

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်တွင် နေပြည်တော်၌ အစိုးရနှင့်တပ်မတော်ဘက်မှ ကိုယ်စားလှယ်များ တွေ့ဆုံခဲ့ကြပြီး အစည်းအဝေးအတွင်း တပ်မတော်က ပြည်ထောင်စုရွေးကောက်ပွဲ

ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပေးရန်၊ မဲစာရင်းများ ပြန်လည်ရေတွက်ရန်နှင့် ဖေဖော်ဝါရီလ ၁ ရက် တွင် ကျင်းပမည့် ပထမအကြိမ် လွှတ်တော်အစည်းအဝေးကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုခဲ့သည်။ ဇန်နဝါရီလ ၃၁ ရက်တွင် တပ်မတော်မှ ကြေညာချက်တစ်စောင် ထပ်မံထုတ်ပြန်၍ ရွေးကောက်ပွဲတွင် အကြီးအကျယ် မသမာမှုများရှိခဲ့ကြောင်းနှင့် တပ်မတော်အနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေး လမ်းကြောင်းကို အားပေးမြှင့်တင်ခဲ့ကြောင်း နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် သိရှိနားလည်ရန် တိုက်တွန်းပြောကြားခဲ့သည်။

၂၀၂၀ ရွေးကောက်ပွဲတွင် မသမာမှုရှိသည်ဆိုသော တပ်မတော်၏ စွပ်စွဲချက်များအပေါ် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မည်သို့ငြင်းဆိုမည်ဆိုခြင်းသည် မေးထိုက်သည့် မေးခွန်းတစ်ခုဖြစ် နိုင်ပေသည်။ ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ခရီးသွားလာမှု ကန့်သတ်ချက်များအကြား နိုင်ငံတွင်းသို့ လာရောက်မည့် နိုင်ငံတကာရွေးကောက်ပွဲ လေ့လာသူအရေအတွက်သည် ကြီးစွာ အကန့်အသတ်ရှိ ခဲ့သည်။ ဥရောပသမဂ္ဂအနေဖြင့် မဲရုံပေါင်း (၄၀,၀၀၀) ကျော်အတွက် ရွေးကောက်ပွဲလေ့လာရေးအတွက် လေ့လာသူ (၄) ဦး၊ Carter Centre မှ လေ့လာသူ (၄၃) ဦး၊ Aisa Network for Free Elections (ANFREL) မှ လေ့လာသူ (၂၃) ဦးတို့သာ စေလွှတ်နိုင်ခဲ့သည်။

**နိုင်ငံအတွင်း အင်အား မျှခြေမရှိမှု - အရပ်ဘက်-စစ်ဘက်ပွတ်တိုက်မှုနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် လိပ်ခဲတည်းလည်းဖြစ်နေမှု**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နောက်ပိုင်း နိုင်ငံရေး တိုးတက်ဖြစ်ထွန်းမှုများကို နားလည်နိုင်ရန် တပ်မတော်၏ ကိုယ်ပိုင်ရပ်တည်မှုအနေအထားကို စဉ်းစားရန် မုချလိုအပ်သည်။ တပ်မတော်အနေဖြင့် မြန်မာ့နိုင်ငံရေးနယ်ပယ်တွင် ဆက်လက်ပါဝင်စေရန် အတိတ်နှင့် ပစ္စုပ္ပန်ကာလရှိ မည်သည့်အကြောင်းခြင်းရာများက အားပေးလျက်ရှိပါသနည်း။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်တွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာနိုင်ငံရှိ ယခင် တပ်မတော်အစိုးရခေတ်များနှင့် မတူကွဲပြားလျက် တပ်မတော်၏ ရည်ရွယ်ချက်သည် ‘စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ’ တည်ထောင်ရန် ဖြစ်သည်ဟု ကြေညာခဲ့သည်။ တပ်မတော်သည် တည်ငြိမ်သော နိုင်ငံရေးလုပ်ငန်းစဉ်များအတွက် အခြေခံအုတ်မြစ်ချမှတ်ပေးပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကို ခြိမ်းခြောက်ခံရမှုများမှ ကာကွယ်ပေးမည့် အဖွဲ့အစည်း တစ်ခုအဖြစ် မိမိကိုယ်ကို နားလည်ထားကြောင်းကို မကြာခဏ အသုံးပြုလေ့ရှိသည့် ‘စည်းကမ်းပြည့်ဝ သော ဒီမိုကရေစီ’ ဟူသော စကားရပ်က ဖော်ညွှန်းလျက်ရှိသည်။

တပ်မတော်သည် နိုင်ငံရပ်ခြားရည်မှန်းချက်များ၊ မဟာမိတ်နှင့် မိတ်ဖက်ကွန်ရက်များရှိသည့် ကမ္ဘာ့နိုင်ငံများရှိ အခြားသော တပ်မတော်များနှင့်နှိုင်းစာပါက ယေဘုယျအားဖြင့် ပြည်တွင်းရေးကို အတော်လေး အလေးထားသည်ဟု ယူဆရသည်။ (၁) ပြည်ထောင်စုမပြိုကွဲရေး၊ (၂) တိုင်းရင်းသား

စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် (၃) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃) ပါးကို တပ်မတော်နှင့် ယင်း၏ ဆောင်ရွက်ချက်များ၏ အဓိကအခြေခံမူများအဖြစ် မကြာခဏ ထုတ်ဖော်ပြောကြားလေ့သည်။

ဤသို့ နိုင်ငံတော်နှင့် အမျိုးသားအကျိုးစီးပွားအပေါ် အလေးထားမှုသည် တပ်မတော်အနေဖြင့် အစဉ်အလာဖြစ်သည့် ကာကွယ်ရေးနယ်ပယ်တွင်သာမက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နိုင်ငံ၏ မတူကွဲပြားသော တိုင်းရင်းသားလူမျိုးများအကြား စည်းလုံးညီညွတ်မှု မြှင့်တင်နိုင်ရေး ကြိုးပမ်းမှုများ တွင်ပါ အခိုင်အမာ ပါဝင်ပတ်သက်နေမှုကို ဖော်ပြလျက်ရှိသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ တပ်မတော် အစိုးရ အုပ်ချုပ်ရေးစဉ်က ရေးဆွဲခဲ့သော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဖော်ပြခဲ့ပြီးဖြစ်သော ဒို့တာဝန် အရေး (၃) ပါးအား အဓိကကာကွယ်စောင့်ရှောက်သူဖြစ်သည့် တပ်မတော်အတွက် အရေးပါ သော နိုင်ငံရေးအခန်းကဏ္ဍကို သတ်မှတ်ပြဋ္ဌာန်းထားသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း များနှင့် ငြိမ်းချမ်းစွာ ဖြေရှင်းမှုတစ်ရပ် မရရှိနိုင်သေးသရွေ့ အမျိုးသားနိုင်ငံရေးတွင် နိုင်ငံရေးပါဝင်မှု အားလုံးကို တပ်မတော်မှ လက်လျှော့မည့် အလားအလာမရှိပေ။

နိုင်ငံ၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် စီမံခန့်ခွဲပုံ (organization of the state) နှင့် နေသားတကျ ရှိမှုနှင့် တည်ငြိမ်မှု အစီအစဉ် (order) ၏ အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ကာကွယ်စောင့်ရှောက်သည့် တာဝန်အပြင် တပ်မတော်သည် ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု အဆင့်များရှိ ဥပဒေပြုရေးမဏ္ဍိုင်တွင်လည်း ဆက်လက်ပါဝင် ဆောင်ရွက်လျက်ရှိသည်။ အုပ်ချုပ်ရေး မဏ္ဍိုင်ဘက်တွင် ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများကို တပ်မတော်မှ ခန့်အပ် သည်။

အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့၌ လွှတ်တော်ကိုယ်စားလှယ်နေရာ ခွဲဝေမှု အစီအစဉ်သည် အရပ်ဘက်-စစ်ဘက်ရောရာ နိုင်ငံရေးစနစ် (hybrid political system) ကို ဖန်တီး ပေးထားပြီး အရပ်ဘက်နှင့်စစ်ဘက်ခေါင်းဆောင်မှုဖြင့် ဆုံးဖြတ်ချက်ချမှတ်သော အာဏာမျှဝေ ကျင့်သုံး ခဲ့သည်။ မြန်မာနိုင်ငံ၌ နိုင်ငံရေးတည်ငြိမ်မှုသည် တပ်မတော်နှင့် တိုင်းရင်းသားအစုအဖွဲ့များ အကြား ဆက်ဆံရေး အပေါ်တွင်သာမက အရပ်ဘက်-စစ်ဘက် အင်အားမျှခြေနှင့် အပြန်အလှန် နားလည်မှု တို့အပေါ်တွင်လည်း မူတည်နေသည်။

အရပ်ဘက်-စစ်ဘက်ရောရာ နိုင်ငံရေးစနစ်တွင် ဘက် ၂ ဘက် အကြား ဘုံရှုမြင်ချက်များ ဖြစ်ထွန်းရန်နှင့် နားလည်မှုများရယူရန် ခေါင်းဆောင်ပိုင်း၌ အဓိက ဦးဆောင်ဦးရွက်ပြုမှု မရှိခြင်းသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သက်တမ်းကာလအတွင်း အဓိက စိန်ခေါ်မှုများအနက် တစ်ခုဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် အရပ်ဘက်နှင့် စစ်ဘက်အကြား ရှုမြင်ပုံဖလှယ်၍ နားလည်မှု တည်ဆောက်နိုင်သည့် သင့်လျော်သော ပလက်ဖောင်းတစ်ခုဖြစ်သည်။ သို့ရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သက်တမ်းတွင် နိုင်ငံတော်

ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး တစ်ကြိမ်မျှ ခေါ်ယူကျင်းပခဲ့ခြင်း မရှိပေ။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရအား နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး ခေါ်ယူကျင်းပရန် ထပ်တလဲလဲ တောင်းဆိုခဲ့သော်လည်း ယင်းသို့ အခိုင်အမာတောင်းဆိုမှုများကို ပယ်ချခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်ခဲ့သူ ဒေါ်အောင်ဆန်းစုကြည်၏ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပေါ် ပုဂ္ဂိုလ်ရေးဆိုင်ရာ အယုံအကြည်ကင်းမဲ့မှုသည် ယင်းကဲ့သို့ လိုအပ်သော တရားဝင်ဆက်သွယ်မှု မရှိခြင်းသို့ ဦးတည်စေခဲ့သည်ဟု ပညာရှင်များက ပြောကြားခဲ့သည်။ ယခင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကာကွယ်ရေးဦးစီးချုပ်တို့အကြား နောက်ဆုံးအကြိမ် ပုဂ္ဂိုလ်ချင်း တွေ့ဆုံမှုသည် ၂၀၁၈ ခုနှစ်တွင် ဖြစ်သည်။ အရပ်ဘက်နှင့် စစ်ဘက်အကြား ဆက်သွယ်ပြောဆိုမှုနှင့် ယုံကြည်မှု မရှိခြင်းသည် တပ်မတော်၏ ဆောင်ရွက်ချက်များကို ဖြစ်ပေါ်စေသည့် နောက်ခံအကြောင်းအရင်း ဖြစ်ခဲ့ပုံရသည်။

ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် (၂၁) ရာစုပင်လုံ ငြိမ်းချမ်းရေးညီလာခံ အခင်းအကျင်းမှတစ်ဆင့် အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ဖြည့်ဆည်းပံ့ပိုးရန် ဟူသော ပုဂ္ဂလိက ရည်မှန်းချက်များရှိခဲ့သည်။ ယင်းသည် အချို့သော ကိစ္စရပ်များတွင် တပ်မတော် ခေါင်းဆောင်ပိုင်းနှင့် ဘုံရပ်တည်ချက်များ ရှာဖွေနိုင်မည့် အခွင့်အရေးဖြစ်ခဲ့သည်။ အရပ်ဘက်နှင့် တပ်မတော် ခေါင်းဆောင်မှုအကြား ဆက်သွယ်ပြောဆိုမှုနှင့် အခြေခံကျသော ရပ်တည်ချက်များ ညှိယူနိုင်ခြင်း မရှိမှုကြောင့် ငြိမ်းချမ်းရေးတွင် တိုးတက်မှု ဖော်ဆောင်နိုင်ခြင်းမရှိခဲ့ချေ။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး လုပ်ငန်းစဉ်ကို တိုးတက်မှုဖော်ဆောင်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြိုးပမ်းမှုသည် အရပ်ဘက်-စစ်ဘက်ဆက်ဆံရေးတွင် ပွတ်တိုက်မှုဖြစ်စေသည့် တွန်းအားဖြစ်နိုင်သည်။ အဆိုပါလုပ်ငန်းစဉ်သည် ကြီးမားကျယ်ပြန့်သော တာဝန်ဖြစ်ခဲ့ပြီး မူကြမ်းရေးဆွဲခြင်း၏ ခက်ခဲရှုပ်ထွေးမှုသည် လုပ်ငန်းစဉ်အား လမ်းကြောင်းပျောက်စေခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရှိ အဓိကကျသည့် ပြောင်းလဲရန်အချက်များကို ဦးစားပေး၍ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဘုံသဘောတူညီမှု ရှာဖွေရမည့်အစား ဆွေးနွေးမှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေရှိ အရေးမပါသော အသေးစိတ်များသာ ဖြစ်ခဲ့သည်။ နိုင်ငံရေးပါတီများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး အဆိုပြုချက်စာမျက်နှာ ရာပေါင်းများစွာကို လက်ခံရရှိခဲ့သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ အစည်းအဝေးများအတွင်း ရရှိခဲ့သော အများသဘောတူညီချက်ဖြစ်သည့် "ပြည်ထောင်စုသဘောတူစာချုပ်"ကို အခြေခံလျက် ဖွဲ့စည်းပုံပြင်ဆင်ရေးတွင် တိုင်းရင်းသားများ၏ အမြင်များကို ထည့်သွင်းရာတွင်လည်း ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်မှုပုံစံအပေါ် တောင်းဆိုချက်များ အပါအဝင် တိုင်းရင်းသား ဆွေးနွေးညှိနှိုင်းသူများ၏ အဓိကတောင်းဆိုချက်များကို ထည့်သွင်းထင်ဟပ်ရန် ပျက်ကွက်ခဲ့သည်။ အဖွဲ့ဝင် (၄၅) ဦး ပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဖွဲ့စည်းမှုဖြင့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလကုန်တွင် စတင်ခဲ့သော ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းစဉ်သည် ၂၀၂၀ ပြည့်နှစ်၊ မတ်လ အစောပိုင်းတွင် ပြီးဆုံးခဲ့သည်။

မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို မတူကွဲပြားသော တိုင်းရင်းသားအစုအဖွဲ့များ အပါအဝင် နယ်ပယ်ပေါင်းစုံမှ ပညာရှင်များနှင့် ကျွမ်းကျင်သူများက ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူ့ဆန္ဒခံယူပွဲဖြင့် အတည်ပြု၍ မြန်မာနိုင်ငံတွင် ဒီမိုကရေစီနိုင်ငံရေးစနစ်ကို ထူထောင်ပေးခဲ့သည်။ တပ်မတော်၏ ဦးဆောင်မှုနှင့် အတည်ပြုထောက်ခံမှုမပါဘဲ မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီစနစ် အသွင်ကူးပြောင်းမှု ဖြစ်ပေါ်နိုင်မည်မဟုတ်ကြောင်း အသိအမှတ်ပြုရမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ မြန်မာ့နိုင်ငံရေးစနစ်အား တပ်မတော်ထက် ပိုမိုပြောင်းလဲနိုင်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြိုးပမ်းမှုများသည် ပိုနေမြဲကျားနေမြဲ အခြေအနေကိုသာ ဦးတည်စေခဲ့သည်။ မည်သူမျှ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှုတွင် အပြောင်းအလဲ တစ်စုံတစ်ရာ ဖော်ဆောင်ရန် ကြိုတင်လိုအပ်ချက်မှာ တည်ငြိမ်မှုနှင့် ကောင်းမွန်သော အရပ်ဘက်-စစ်ဘက် ဆက်ဆံရေးကို ထိန်းသိမ်းနိုင်ရန်အတွက် ဟန်ချက်ညီသော ချဉ်းကပ်မှုပုံစံသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်မှုများကို မျှော်မှန်းထားသည့်အတိုင်း တပ်မတော်မှ ပယ်ချခဲ့သည်။

နေပြည်တော်ရှိ အရပ်ဘက်-စစ်ဘက်ဆက်ဆံရေးအပြင် တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖြစ်ပေါ်တိုးတက်မှုများသည်လည်း အရေးကြီးသည်။ အငြင်းပွားဖွယ် ရှိကောင်းရှိနိုင်သော်လည်း ဗြိတိသျှကိုလိုနီခေတ်ကာလအတွင်း ဗြိတိသျှအစိုးရတာဝန်ရှိသူများက 'ပြည်မ'နှင့် 'တောင်တန်း' ဟူ၍ ခွဲခြားဆက်ဆံခဲ့ခြင်းက ဗမာအမျိုးသားရေးဝါဒနှင့် တိုင်းရင်းသားများ၏ ကိုယ်ပိုင်ဝိသေသ လက္ခဏာများနှင့် လွတ်လပ်ရေးကြိုးပမ်းမှုများအတွက် အုတ်မြစ်ကဲ့သို့ဖြစ်ပေါ်စေခဲ့ကာ ဗမာနှင့် တိုင်းရင်းသားလူမျိုးများအကြား ဆက်ဆံရေးသည် အကန့်အသတ်ရှိခဲ့သည့် နယ်ပယ်တစ်ခုဖြစ်ခဲ့သည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်တွင် တပ်မတော်က အာဏာလွှဲယူပြီးချိန်မှစ၍ ပြည်တွင်းပဋိပက္ခများတွင် အရွေ့သစ်များ ပေါ်ပေါက်ခဲ့သည်။ ဖေဖော်ဝါရီလကတည်းက ကရင် အမျိုးသားအစည်းအရုံး (KNU) တပ်မဟာ (၅) နှင့် ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ချုပ် (KIO) တို့ ထိန်းချုပ်ရာနယ်မြေများ၌ ထိတွေ့တိုက်ပွဲဖြစ်မှုများ များပြားလာခြင်းသည် အာဏာလွှဲယူမှုကြောင့် ဖြစ်ပေါ်လာသော နိုင်ငံရေးကွဲပြဲမှုအသစ်များကို ဖော်ပြနေခြင်းဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်းမှုကို သတိထား၍ သံတမန်နည်းဖြင့် တုံ့ပြန်ခဲ့ခြင်းသည် ထူးခြားမှတ်သားဖွယ်ဖြစ်သည်။ ဆန့်ကျင်ဆန္ဒပြမှုများအပေါ် နားလည်မှုကိုပြသ၍ ဒီမိုကရေစီစနစ်၏ လွတ်လပ်ခွင့်များကို တရားဝင် ထောက်ခံအားပေးနေစဉ်တွင် ဝပြည်နယ် သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)၊ အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (NDAA) အပါအဝင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများစွာသည် နိုင်ငံရေးတိုးတက်ပြောင်းလဲမှုများအပေါ် နှုတ်ဆိတ်နေခဲ့ကြသည်။ ထို့ပြင် အင်အားသုံးဖြေရှင်းမှုများကို အားမပေးဘဲ နိုင်ငံရေးနည်းလမ်းမှတစ်ဆင့် အဖြေရှာရန် မျှော်လင့်ကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများလည်းရှိသည်။ ၂၀၂၁ ခုနှစ်၊ မတ်လ

တွင် တိုင်းရင်းသားလက်နက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် မွန်ပြည်သစ်ပါတီ (NMSP) က အကြမ်းဖက်မှုနှင့် အင်အားသုံး ဖြေရှင်းမှုများကို အားမပေးကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ အလားတူပင် ကချင်၊ ကရင်၊ ကရင်နီ၊ ချင်းနှင့် မွန် နိုင်ငံရေးပါတီများကလည်း စေ့စပ်ညှိနှိုင်းမှုနှင့် တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် နိုင်ငံရေးအဖြေရှာကြရန် တောင်းဆိုကြောင်း ၂၀၂၁ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့သည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) သည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအသွင်ဖြင့် နိုင်ငံတစ်ဝန်း လက်နက်ကိုင်ခုခံတွန်းလှန်ရန် လှုံ့ဆော်တိုက်တွန်းခဲ့သည်။ အမျိုးသားညီညွတ်ရေးအစိုးရ၏ ကြေညာချက်အရ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များသည် နောက်တစ်ဆင့်တွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းအင်အားစုများနှင့်အတူ “ဖက်ဒရယ်ဒီမိုကရေစီတပ်မတော်” ကို ဖွဲ့စည်းမည်ဖြစ်ကြောင်း သိရှိရသည်။ NUG ၏ လက်နက်ကိုင်ခုခံတွန်းလှန်မှုကို လအတန်ကြာ မျက်မြင်ကြုံတွေ့ပြီးနောက် အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် မတူကွဲပြားသော လက်နက်ကိုင်အဖွဲ့များ အားလုံးကို ထိန်းချုပ်နိုင်ရေးအတွက် မဟာဗျူဟာ မရှိခြင်းနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဖက်ဒရယ်ဒီမိုကရေစီဆိုင်ရာ ပူးတွဲမျှော်မှန်းချက်အမြင်အား ဖော်ဆောင်နိုင်မှု မရှိခြင်းမှာ သိသာထင်ရှား လာပါသည်။ ကရင်အမျိုးသားအစည်းအရုံး (KNU) ခေါင်းဆောင် စောမူတူးစေးဖိုးက သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် အကြမ်းဖက်မှုလမ်းကြောင်းကို ရွေးချယ်ခဲ့ခြင်းမှာ ဝမ်းနည်းဖွယ်ဖြစ်ကြောင်း မေလ ၁၀ ရက်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။ စောမူတူးစေးဖိုးက အကျပ်အတည်းအား နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် ဖြေရှင်းကြရန် အဖွဲ့အစည်းများအားလုံးကို တောင်းဆိုခဲ့ပြီး ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ ပြဋ္ဌာန်းချက်များကို ထိန်းသိမ်းလိုက်နာမည်ဖြစ်သည်ဟု အခိုင်အမာ ပြောကြားခဲ့သည်။ ဇွန်လ ၉ ရက်တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ စောဂျော်နီက ယင်းတို့အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို တစ်သွေမတိမ်းလိုက်နာမည်ဖြစ်ကြောင်းဖြင့် ထုတ်ပြန်ကြေညာချက်ခဲ့သည်။ ယင်းအကြောင်းခြင်းရာများကို ကြည့်ခြင်းဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ၏ ချဉ်းကပ်မှုနည်းလမ်းသည် ငြိမ်းချမ်းသောနည်းလမ်းနှင့် တည်ငြိမ်မှုကို မပျက်ဆီးစေဘဲ အစီအစဉ်တကျ ဖြေရှင်းမည်ဆိုသည့် အဓိက တိုင်းရင်းသား လက်နက်ကိုင်ဖွဲ့ ကိုယ်စားလှယ်များ၏ အမြင်နှင့် ကိုက်ညီမှုမရှိခြင်းကို ဖော်ပြလျက်ရှိသည်။ ‘ပေါင်းစပ်ညှိနှိုင်းမှုမရှိသော တော်လှန်ရေး’မှ မတည်ငြိမ်မှုနှင့် လုံးဝကစဉ့်ကလျားဖြစ်မှုများဖြစ်ပေါ်ပါက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ အရှည်သဖြင့် ဆွေးနွေးခဲ့သော နိုင်ငံရေးနှင့် စီးပွားရေး အကျိုးစီးပွားများအပေါ် အန္တရာယ်ကျရောက်လာနိုင်ဟန်ရှိသည်။ သက်ဆိုင်သူအားလုံး စေ့စပ်ညှိနှိုင်းရေးစားပွဲဝိုင်းသို့ ပြန်လည်ရောက်ရှိရေးသည် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲမှုအတွက် အရေးပါလှသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အုပ်ချုပ်စဉ်အတွင်း (၂၁) ရာစု ပင်လုံငြိမ်းချမ်းရေးညီလာခံ အခင်းအကျင်းဖြင့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် စစ်မှန်သော စိတ်ရင်းခံဖြင့် ဆောင်ရွက်ခဲ့သော်လည်း မတိုးသာမဆုတ်သာ အခြေအနေမှ ဖောက်ထွက်၍ သိသာထင်ရှားသည့် ရလဒ်များ မရရှိခဲ့ပေ။ ယင်းအစား ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် ချင်းပြည်နယ်တောင်ပိုင်းကဲ့သို့သော

နယ်စပ်ဒေသ များ၌ မတည်ငြိမ်မှုများ မြင့်တက်လာခဲ့သည်။ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ မြန်မာအင်စတီကျူ (MIPS) ၏ စစ်တမ်းအရ မြန်မာနိုင်ငံ၌ ၂၀၁၆ ခုနှစ် နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း တိုက်ပွဲပေါင်း (၃,၀၀၀) ကျော် ရှိခဲ့ကြောင်း သိရသည်။ အထူးသဖြင့် ရခိုင်ပြည်နယ်၌ တိုက်ပွဲအရှိန် မြင့်တက်လာမှုကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရသက်တမ်းအတွင်း တိုက်ပွဲထိတွေ့မှု အရေအတွက် ပို၍ပင် များပြားလာခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပထမအကြိမ် (၂၁) ရာစု ပင်လုံငြိမ်းချမ်ရေးညီလာခံအား ၂၀၁၆ ခုနှစ်၊ ဩဂုတ်လတွင် နေပြည်တော်၌ ကျင်းပခဲ့သည်။ အစည်းအဝေး၏ နယ်ပယ် ကျယ်ပြန့်မှု အတိုင်းအတာသည် သိသာမြင်သာသော်လည်း ဖိတ်ကြားခံရသော အရပ်ဘက်လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်အမြောက်အများသည် အစည်းအဝေးအတွင်း ပါဝင်ဆွေးနွေးခြင်းထက် နားထောင်ခြင်း သာ ပြုလုပ်နိုင်သည်။ ပထမအကြိမ် ပင်လုံညီလာခံတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခတ်မှု ရပ်စဲရေး သဘောတူစာချုပ်၌ ပါဝင်လက်မှတ်ရေးထိုးထားခြင်းမရှိသော အရေးပါသည့် တိုင်းရင်းသား လက်နက် ကိုင် အဖွဲ့အစည်းများ၏ ပါဝင်နိုင်မှုနှင့် လမ်းစဉ်များမှာ ရှင်းလင်းပြတ်သားမှု မရှိခဲ့ပေ။ (၂၁) ရာစု ပင်လုံ ငြိမ်းချမ်ရေးညီလာခံ၏ အခင်းအကျင်းသည် အပြန်အလှန်ဖလှယ်မှုများ ပြုလုပ်ရန် အနေအထားအချို့ ဖန်တီးပေးထားသော်လည်း အမှန်တကယ် စေ့စပ်ညှိနှိုင်းခြင်းနှင့် ယုံကြည်မှုတည်ဆောက်ခြင်းတို့ ဆောင်ရွက်နိုင်သည့် အနေအထား အနည်းငယ်သာရှိသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုး ထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရော လက်မှတ်ရေးထိုးထားခြင်းမရှိသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များပါ ပါဝင်သည့် တရားဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ၂၀၁၅ ခုနှစ်မှ စတင်၍ တိုးတက်မှုမရှိသလောက်ဖြစ်ပြီး လိပ်ခဲတည်းလည်းအခြေအနေတွင်သာရှိသည်။ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ လအထိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၀) ခုတို့သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်အား လက်မှတ်ရေးထိုးခဲ့ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရသက်တမ်း အတွင်း အင်အားသေးငယ်သည့် လက်နက်ကိုင်အဖွဲ့ (၂) ဖွဲ့သာ နောက်ထပ် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြ သည်။ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင် ကျင်းပခဲ့သော တတိယအကြိမ် ပင်လုံညီလာခံသည် ရခိုင့်တပ်မတော် (AA) နှင့် အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပြင်းထန်သော တိုက်ပွဲများကို ရပ်တန့်နိုင်ခဲ့ ခြင်းမရှိပေ။ တစ်နှစ်ခွဲကြာ နှောင့်နှေးကြန့်ကြာနေခဲ့ပြီးနောက် စတုတ္ထအကြိမ် ပင်လုံညီလာခံကို ၂၀၂၀ ပြည့်နှစ်၊ ရွေးကောက်ပွဲမတိုင်ခင်လေးဖြစ်သည့် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လတွင်မှသာ ကျင်းပနိုင်ခဲ့သည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တပ်မတော်၏ အာဏာလွှဲယူမှုသည် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းများနှင့် ယုံကြည်မှုတည်ဆောက်ရာတွင် အကျိုးပြုနိုင်မည် မဟုတ်ပေ။ သို့သော် အာဏာ လွှဲယူမှုသည် နိုင်ငံအတွင်း အမှန်တကယ် ထိန်းချုပ်မှုနှင့် အာဏာရရှိသည်မှာ တပ်မတော်ဖြစ်ကြောင်း သိသာထင်ရှားစေသည်။ ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် ဝပြည်နယ် သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)နှင့် ရှမ်းပြည် တိုးတက်ရေးပါတီ (SSPP) မှ တာဝန်ခံများသည် တပ်မတော်အဆင့်မြင့် အရာရှိ

ကြီးများနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် ရေရှည်တွင် တပ်မတော်နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်ခြင်းသာလျှင် တည်တံ့ခိုင်မြဲသော အကျိုးရလဒ်များကို ရရှိကောင်းရရှိနိုင်မည်ဖြစ်သည်ကို သိမြင်သဘောပေါက်လာ နိုင်သည်။

ပြည်တွင်းအကျိုးစီးပွားများကို ဟန်ချက်ညီထိန်းညှိ၍ ပြည်တွင်းရေးတွင် ပြည်ပမှဝင်ရောက်စွက်ဖက်မှုကို ကြံ့ကြံ့ခံမှု

ကြီးမားသော ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စီးပွားရေးဖိအားများကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်တွင် ဖြစ်ပွားခဲ့သည့် တပ်မတော်၏ လုပ်ဆောင်မှုများသို့ ဦးတည်စေခဲ့သည်ဟု ဆိုကောင်းဆိုနိုင် မည်ဖြစ်သည်။ တပ်မတော်အနေဖြင့် နိုင်ငံတွင်း ၎င်း၏ အဖွဲ့အစည်းဆိုင်ရာ ရပ်တည်ချက်နှင့် အကျိုး စီးပွားများကို ဦးစားပေးများအဖြစ် ကာကွယ်ရန် မလွဲကေန် ရွေးချယ်မည်ဖြစ်သည်။ ဦးသိန်းစိန်အစိုးရမှ တိုင်းပြည်၏ နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို အစပြုလုပ်ဆောင်ခဲ့သော်လည်း တပ်မတော်အနေဖြင့် ပြည်ပမှ မည်သည့် နိုင်ငံရေးဝင်ရောက်စွက်ဖက်မှုမျိုးကိုမျှ လက်သင့်ခံမည် မဟုတ်သည်မှာ ထင်ရှားလှပေသည်။

NLD အစိုးရလက်ထက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများသည် အမျိုးသားအကျိုးစီးပွားအတွက် အမှန်တကယ် ဟုတ်ခဲ့ပါသလော။ သို့မဟုတ် NLD ပါတီ၏ နိုင်ငံရေးအရ လှုကြိုက်များမှုသည် မြန်မာ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လိုသော အနောက်တိုင်းနိုင်ငံရေး၏ အနုကြမ်းစီးမှုကို ခံခဲ့ရပါ သလော။

အတိတ်တွင် အနောက်နိုင်ငံများသည် မြန်မာနိုင်ငံတွင် အရောင်တော်လှန်ရေး (coloured revolutions)များ ပေါ်ပေါက်လာစေရန် အားပေးလှုံ့ဆော်ခဲ့ဖူးသည့် သာဓကများစွာရှိခဲ့ပေသည်။ ယင်းတို့ သည် ကမ္ဘာ့နိုင်ငံများမှ အစိုးရများအား ပြောင်းလဲရန် ကြိုးပမ်းလေ့ရှိသော အမေရိကန်၏ လှုပ်ရှားမှုများ အနက် တစ်စိတ်တစ်ဒေသလည်းဖြစ်သည်။ ၁၉၈၈ ခုနှစ် လူထုလှုပ်ရှားမှုကစတင်၍ မြန်မာနိုင်ငံ၌ အနောက်နိုင်ငံများ၏ ရန်ပုံငွေဖြင့် လှုပ်ရှားဆောင်ရွက်သော နိုင်ငံရေးတက်ကြွလှုပ်ရှားသူများနှင့် ထောင် အတွင်းသို့ အကြိမ်ကြိမ် ဝင်ထွက်လျက်ရှိသော နိုင်ငံရေးအကျဉ်းသားများ ရှင်သန်အားကောင်းလာခဲ့ပြီး အပြန်အလှန် အမှီသဟဲပြုနေသည့် ရပ်ဝန်းတစ်ခုဖြစ်လာခဲ့သည်။ ၁၉၉၀ ခုနှစ်များနှင့် ၂၀၀၀ ပြည့်နှစ် များက ပေါ်ပေါက်ခဲ့သော လူငယ်လှုပ်ရှားမှုများမှာ အောင်မြင်ခဲ့ခြင်းမရှိပေ။ အရပ်ဘက် လူ့အဖွဲ့အစည်း များနှင့် အလားတူ နိုင်ငံရေး လှုပ်ရှားသူကွန်ရက်များ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အမေရိကန်မှ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် National Endowment for Democracy (NED) နှင့် ယင်း၏ မဟာမိတ်အလှူရှင်များက ပံ့ပိုးကူညီမှုပြုခဲ့သည်။ အချိန်ကာလတစ်ခုကြာမြင့်သည့်အခါ အဆိုပါ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၏ ဒုတိယမျိုးဆက် ပေါ်ပေါက်လာခဲ့သည်။ ၎င်းတို့သည် ပြည်ပမှ စံတန်ဖိုးစနစ်များကို မေးခွန်းထုတ်နိုင်စွမ်းမရှိသည့် ပထမမျိုးဆက်၏ အမွေကို ဆက်ခံခဲ့ကြပြီး ပြည်ပ

စံတန်ဖိုးစနစ်များကို အစဉ်အလာမြန်မာ့လူ့အဖွဲ့အစည်းအတွင်းသို့ သွတ်သွင်းရန် တာဝန်ပေးခံခဲ့ရသည်။ ဒီမိုကရေစီဝါဒရေးရာ အယူအဆများကို ဝါရှင်တန်မှ တိုက်ရိုက်သော်လည်းကောင်း၊ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့ သို့မဟုတ် နယ်စပ်မြို့ဖြစ်သည့် မဲဆောက်ရှိ ပြည်ပြေးနိုင်ငံရေးအဖွဲ့အစည်းများ မှတစ်ဆင့် သော်လည်းကောင်း မြန်မာနိုင်ငံအတွင်းသို့ တင်ပို့ဖြန့်ချိခဲ့ကြသည်။

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းသည် အနောက်နိုင်ငံရေးသမားများအတွက် မြန်မာနိုင်ငံအပေါ် ထားရှိသော ၎င်းတို့၏ မအောင်မြင်သည့် အထီးကျန်ဖယ်ထားရေး မူဝါဒများနှင့် ပိတ်ဆို့အရေးယူမှု ပြစ်ဒဏ်များအား ဖယ်ရှားပြီး မြန်မာနိုင်ငံသားများအား အကူအညီပေးရေးလမ်းကြောင်းမှ ချဉ်းကပ်မှု ပြုနိုင်ရန် အခွင့်အလမ်းတစ်ရပ် ဖြစ်ခဲ့သည်။ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) အနေဖြင့်လည်း ၎င်းတို့၏ ပရဟိတလုပ်ငန်းများကို ပြည်တွင်းမှာပင် ဆောင်ရွက်ခွင့်ရရှိခဲ့ကြသည်။ သို့ရာတွင် ထိုသို့ဆောင်ရွက်ခွင့် ရရှိစေခဲ့ခြင်းကပင် မြန်မာပြည်သူများအား ရန်သူ့လက် ကျရောက်စေခဲ့သည့် “ထရိုးဂျန်မြင်း” ဖြစ်ခဲ့လေသလော။

တိုင်းရင်းသားမီဒီယာကွန်ရက်များစွာ ပေါ်ပေါက်ခဲ့ပြီး ယင်းမီဒီယာများက တိုင်းရင်းသားလက်နက်ကိုင်လှုပ်ရှားမှုကို ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်နှင့် ယဉ်ကျေးမှုဝိသေသလက္ခဏာ ထူထောင်ရေးတိုက်ပွဲအဖြစ် အမည်တပ်ပုံဖော်ခဲ့ကြသည်။ လူငယ်ကွန်ရက်နှင့် အရပ်ဘက်အဖွဲ့အစည်းကွန်ရက်များသည် NED နှင့် ယင်း၏ မဟာမိတ်အလှူရှင်များက ရက်ရက်ရောရော ပေးလှူသော အလှူငွေများကို အခြေခံထားသည့် တက်ကြွလှုပ်ရှားသူများ ဖြစ်လာခဲ့သည်။ အမေရိကန်အခြေစိုက် Solidarity Center က အလုပ်သမားသမဂ္ဂများကို ပိုမိုအားကောင်းလာစေခဲ့သည်။ ထိုသမဂ္ဂများသည် အလုပ်သမားများ၏ အခွင့်အရေးအား ကိုယ်စားပြုခြင်းထက် ၎င်းတို့၏ လိုလားချက်များအား ဖြည့်ဆည်းပေးခြင်းမခံရသည့် အလုပ်သမားများကို အုံကြွလှုပ်ရှားမှုများပြုရန် စည်းရုံးလှုံ့ဆော်သည့် အလုပ်ကိုသာ ဆောင်ရွက်ခဲ့ကြသည်။ ဥပမာ-မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) သည် နိုင်ငံရေးလှုပ်ရှားမှုအဖွဲ့ ဖြစ်သည်ဆိုခြင်းကို မြန်မာအထည်ချုပ်ကဏ္ဍမှ မည်သည့်ကုမ္ပဏီမဆို သိရှိကြသည်။ မတ်လက ရန်ကုန်မြို့ရှိ စက်မှုဇုန်များ၌ ဖြစ်ပွားခဲ့သော သပိတ်နှင့် အုံကြွမှုများသည် အလုပ်သမားများ၏ အခွင့်အရေးအတွက်မဟုတ်ဘဲ နိုင်ငံရေးအကြောင်းပြချက်များကြောင့် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ထိုအုံကြွလှုပ်ရှားမှုများကြောင့် မြန်မာ့အထည်ချုပ်ကဏ္ဍတွင် ပြင်းထန်သော သက်ရောက်မှု ဖြစ်ပေါ်ခဲ့သည်။ စက်ရုံများနှင့် စီးပွားရေးလုပ်ငန်းများအား ဦးတည်ချက်မဲ့ ပစ်မှတ်ထားကာ ဆူပူအကြမ်းဖက်မှု ဆောင်ရွက်ခြင်းသည် ဝင်ငွေနှင့် အလားအလာများအား ဆုံးရှုံးထားရသော မည်သည့်အလုပ်သမား၊ ဝန်ထမ်းနှင့် စက်ရုံပိုင်ရှင်ကိုမျှ အကျိုးမပြုသည်မှာ အသေအချာပင်ဖြစ်သည်။

၂၀၀၈ ခုနှစ်တွင် စွန့်စားရနိုင်ခြေများစွာရှိသည့်အကြားမှပင် မြန်မာနိုင်ငံ၌ ကြီးမားကျယ်ပြန့်သည့် အခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့်အတူ ဒီမိုကရေစီစနစ် စတင်ရန် ထိုစဉ်က မြန်မာအစိုးရက ဆုံးဖြတ်ခဲ့သည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုက မည်သို့သော အကျိုးရလဒ်ကို သယ်ဆောင်ပေးခဲ့သနည်း။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြောင့် ၂၀၁၆ ခုနှစ်၊ ဧပြီလတွင် NLD ပါတီ အာဏာ ရရှိခဲ့သည်။ ရွေးကောက်ပွဲရလဒ်များက NLD ပါတီကို အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာများအား ထိန်းချုပ်ခွင့် ရရှိစေခဲ့သည်။ NLD ပါတီအနေဖြင့် ၎င်းဆောင်ရွက်လိုသည့်ကိစ္စရပ်များကို လွတ်လပ်စွာ ဆောင်ရွက်နိုင်မည့် အခွင့်အရေး ရရှိခဲ့ခြင်းပင်ဖြစ်သည်။ လူထု၏ ယုံကြည်မှုကိုလည်း အပြည့်အဝ ရရှိ ထားသည်ဖြစ်လေရာ မြန်မာ့ဒီမိုကရေစီနှင့် စပ်လျဉ်းပြီး ပါတီ၏ မျှော်မှန်းချက်ကို စိတ်ကူးပုံဖော်နိုင် ခွင့်ရခဲ့သည်။

ဦးစွာပထမ အံ့သြဖွယ်ဖြစ်စေသည်မှာ NLD ပါတီအနေဖြင့် ၎င်း၏ အစိုးရသက်တမ်း ပထမ နှစ်နှစ်အတွင်း သင့်လျော်သော ဖွံ့ဖြိုးမှုမူဝါဒ တစ်စုံတစ်ရာ ဖန်တီးအကောင်အထည်ဖော်ရန် တွန့်ဆုတ်ခဲ့ ဟန်ရှိခြင်းပင်ဖြစ်သည်။ NLD အစိုးရလက်ထက်တွင် ယင်း၏ မူဝါဒများနှင့် စပ်လျဉ်းပြီး အများပြည်သူသို့ ထုတ်ပြန်ခဲ့သည်မှာ အချက် ၁၂ ချက်ပါသော စီးပွားရေးမူဝါဒ တစ်ခုတည်းသာ ရှိသည်။ NLD ပါတီနှင့် ဒေါ်အောင်ဆန်းစုကြည်က မည်သည့်ကိစ္စရပ်များအား အောင်မြင်မှုရအောင် ဆောင်ရွက်လိုသနည်း ဟူသည်ကို တိတိပပ သိနိုင်ရန် ခဲယဉ်းခဲ့သည်။ NLD ပါတီ၏ ဦးစားပေးကိစ္စရပ်များတွင် မလွဲမသွေ ပါဝင်နိုင်ခဲ့သည်မှာ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် ပညာရေးတို့ဖြစ်သည်။ NLD ပါတီအနေဖြင့် ၎င်း၏ ဦးစားပေးကဏ္ဍများကို မည်သို့သောမူဝါဒများအား အသုံးပြုကာ အကောင်အထည်ဖော်သွားမည်နည်း ဟူသည်မှာလည်း မရေမရာရှိခဲ့လေသည်။ မြန်မာ ပြည်သူများသည် အပြုသဘောဆောင်သော အပြောင်းအလဲတစ်ရပ် ဖြစ်ပေါ်လာရန် စိတ်ရှည်သည်းခံစွာ စောင့်စားခဲ့ကြသည်။

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအရှိန်အဟုန်သည် ၂၀၁၈ ခုနှစ်နောက်ပိုင်းမှစ၍ ပိုမိုအားကောင်းလာခဲ့ သည်။ NLD ပါတီ၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များသည် တစ်ကြိမ်တစ်ခါမျှ ခြေချဖူးခြင်းမရှိသည့် နယ်မြေစိမ်းသို့ ချဉ်းနင်းဝင်ရောက်ခဲ့သည်။ NLD ပါတီသည် မြန်မာနိုင်ငံ၌ စီးပွားရေးအရ အခွင့်ထူးခံများ အလွန်အမင်း ကြီးထွားလာသည်ဟူ၍ရှုမြင်ပြီး ယင်းပြဿနာအား ဖြေရှင်းနိုင်ရန်နှင့် စီးပွားရေးအား ဖြေလျှော့မှုပြုရန် တပ်မတော်၏ ဩဇာကို ထိန်းချုပ်နိုင်မည့် နည်းလမ်းကို ရှာဖွေလျက်ရှိသည်ဟူသည်မှာ ထင်ရှားလာခဲ့သည်။

မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍသည် ၁၉၉၀ ခုနှစ် အစောပိုင်းကာလများကတည်းက နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများနှင့် သော်လည်းကောင်း၊ တပ်မတော်ပိုင် စီးပွားရေးလုပ်ငန်းစုကြီးနှစ်ခုနှင့် သော်လည်းကောင်း ပူးပေါင်းဆောင်ရွက်မှုအပေါ် ကြီးမားစွာ အခြေပြုပြီး ထွန်းကားခဲ့ခြင်းဖြစ်သည်။ အစောပိုင်းကာလများ၌မူ ပုဂ္ဂလိကကဏ္ဍဆိုင်ရာ အခွင့်အလမ်းများသည် အစိုးရ၏ အကူအညီများ (ဥပမာ-ခွင့်ပြုမိန့်များ၊ ငှားရမ်းခွင့်များ) အပေါ် လုံးလုံးလျားလျား အမှီပြုခဲ့သည်။ NLD အစိုးရ၏ မျှော်မှန်းချက်မှာ ပွင့်လင်းမြင်သာမှု ရှိစေခြင်း၊ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများ ပြုခြင်းနှင့် ပြည်ပယှဉ်ပြိုင်မှုနှင့် မိတ်ဆက်ပေးခြင်းတို့မှတစ်ဆင့် ပုဂ္ဂလိကကဏ္ဍအား သန့်စင်ရှင်းလင်း သွားစေရန်ဖြစ်သည်။ ထိုမျှော်မှန်းချက်ကို ပြည်တွင်းစီးပွားရေးအသိုက်အဝန်းများက လိုလားမှုရှိခဲ့ဟန်

မတူပေ။ ယခင်ကတည်းက တပ်မတော်နှင့် ပတ်သက်ဆက်နွယ်မှုရှိခဲ့ကြသော ပြည်တွင်းစီးပွားရေး လုပ်ငန်းစုကြီးများ ဥပမာ–အမေရိကန်၏ အထူးပိတ်ဆို့အရေးယူမှုခံရသော လူပုဂ္ဂိုလ်အသိုက်အဝန်းကမူ အဆိုပါပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များကို ၎င်းတို့၏ စီးပွားရေးအကျိုးစီးပွားများအတွက် ခြိမ်းခြောက်မှုအဖြစ် မှတ်ယူခဲ့ကြပေလိမ့်မည်။

ဆန့်ကျင်ကန့်ကွက်မှုများစွာရှိခဲ့သော်လည်း NLD ကမူ ၎င်း၏ စီးပွားရေးဖြေလျှော့မှု မူဝါဒ အစီအစဉ်ကို များမကြာမီမှာပင် အကောင်အထည်ဖော်ခဲ့သည်။ ထိုအစီအစဉ်သည် အထူးသဖြင့် ဘဏ်လုပ်ငန်းမှသည် အာမခံလုပ်ငန်းအထိ ဝန်ဆောင်မှုကဏ္ဍများ၌ နိုင်ငံခြားလုပ်ငန်းများ၏ အကျိုး စီးပွားအား ရှေ့တန်းတင် ဦးစားပေးခဲ့သည်ကို တွေ့ရှိခဲ့ရသည်။ ထို့အပြင် ယင်းလုပ်ငန်းကဏ္ဍများ၌ နိုင်ငံတကာမှ ပါဝင်လာစေရန် တင်ဒါများခေါ်ယူခြင်း၊ ဥပဒေနှင့် နည်းဥပဒေများ ပြုပြင်ပြောင်းလဲခြင်းတို့ ကိုပါ ဆောင်ရွက်ခဲ့သည်။ NLD ၏ မူဝါဒများကို နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၊ ကမ္ဘာ့ဘဏ် အုပ်စုနှင့် USAID အဖွဲ့တို့က ကြိုးဆွဲပုံဖော်ခဲ့သည်။ ယင်းအဖွဲ့များသည် အမေရိကန်၏ သဘောထား အတိုင်း လှုပ်ရှားရသော နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည်။ မြန်မာနိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေနှင့် မူဝါဒများကို မြန်မာအစိုးရက ရေးဆွဲရမည့်အစား ယင်းအဖွဲ့များက ဦးဆောင်ရေးဆွဲခဲ့ကြသည်။ ပြုပြင် ပြောင်းလဲရေးများကို အနောက်နိုင်ငံသားအကြံပေးများက ဦးဆောင်ခဲ့ကြသည်ဖြစ်ရာ ယင်းတို့သည် ပြည်တွင်းအကျိုးစီးပွားကို ထိခိုက်စေပြီး အနောက်နိုင်ငံများအတွက်သာ အကျိုးရှိစေခဲ့သည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများနေရာတွင် လူစားထိုး ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ရာ ၎င်းတို့နှင့် ဆက်နွယ်သော အခြားအစိုးရတာဝန်ရှိသူများသည်လည်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများမှ နှုတ်ထွက်ခဲ့ကြသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး ဦးသောင်းထွန်း၊ ဗဟိုဘဏ် ဒုဥက္ကဋ္ဌ ဦးဘိုဘိုငယ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင် တို့သည် အနောက်ဗဟိုပြု ပြုပြင်ပြောင်းလဲရေး အား လိုလားသူများအဖြစ် သတ်မှတ်ခံခဲ့ရသည်။ မြန်မာနိုင်ငံ၏ "အနောက်မျှော်" မူဝါဒကြောင့် ပေးဆပ် လိုက်ရသည့် တန်ဖိုးမှာ ဘဏ္ဍာရေးအရ ခြိုးခြံချွေတာလွန်းခြင်း၊ နိုင်ငံ့စီးပွားရေးအား တမင်ရည်ရွယ်၍ ကျုံ့သွားစေခြင်းနှင့် အနာဂတ်တွင် ဘဏ္ဍာရေး အကျပ်အတည်းဖြစ်လာနိုင်ခြင်းတို့ပင်ဖြစ်သည်။

NLD လက်ထက် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၏ ရလဒ်မှာ ဦးသိန်းစိန်အစိုးရလက်ထက် ၂၀၁၃ ခုနှစ်က အမြင့်ဆုံး ၈.၄ ရာခိုင်နှုန်းအထိ ရှိခဲ့သော မြန်မာနိုင်ငံ၏ ဂျီဒီပီဖွံ့ဖြိုးမှုနှုန်းသည် NLD အစိုးရ လက်ထက်၌မူ ၆.၅ ရာခိုင်နှုန်းမျှသာ ကျန်ရှိတော့ခြင်းဖြစ်သည်။ ယင်းပမာဏသည် ကိုဗစ်–၁၉ ကပ်ရောဂါ မဖြစ်ပွားခင်ကာလက ပမာဏဖြစ်သည်။ ၂၀၁၉ ခုနှစ်က မြန်မာကျပ်ငွေတန်ဖိုး သိသိသာသာ ကျဆင်းခဲ့သဖြင့် သွင်းကုန်အဓိကထားရသော မြန်မာနိုင်ငံ၏ စားသောက်ကုန်နှင့် လူသုံးကုန်စည် ဈေးနှုန်းမှာလည်း တစ်ဟုန်ထိုး မြင့်တက်သွားခဲ့လေသည်။ ကုန်ဈေးနှုန်းများ မြင့်တက်မှုကြောင့် ပြည်တွင်းမှ အသေးစား စီးပွားရေးလုပ်ငန်းများသည် ပြည်ပမှ ဝင်ရောက်လာသော လုပ်ငန်းများနှင့် ယှဉ်ပြိုင်နိုင်ခြင်းမရှိခဲ့ပေ။ ပြည်တွင်းမှ အသေးစား စီးပွားရေးလုပ်ငန်းများစွာသည် လုပ်ငန်းလည်ပတ်မှု အတွက် ချေးငွေကိုသာ အဓိကထားမှီခိုခဲ့ရသည်။ သို့သော်လည်း ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိသဖြင့်

ပြည်တွင်းကုန်သွယ်ရေးဘဏ်များက ချေးငွေပေးဆပ်မှုသက်တမ်းကို အကြိမ်ကြိမ် သက်တမ်းတိုးပေးခဲ့ရသည်။ ဤသို့ အချိန်မီပြန်လည် ပေးဆပ်နိုင်ခြင်းမရှိသော ချေးငွေများ စုပုံများပြားလာခြင်းက NLD လက်ထက် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်လာခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က မြန်မာနိုင်ငံ၏ ရသုံးမှန်းခြေငွေစာရင်း လိုငွေပြမှုသည် ၃.၉ ထရီလီယံသာ ရှိခဲ့သော်လည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင်မူ မြန်မာကျပ်ငွေ ၇ ထရီလီယံအထိ ရှိခဲ့ပြီး ယင်းမှာ ပြီးခဲ့သည့် ဆယ်နှစ်အတွင်း အမြင့်ဆုံးပမာဏဖြစ်ခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ၏ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအထိ အချက်အလက်များအရ မြန်မာနိုင်ငံ၌ မှတ်ပုံတင်ထားသော ကုမ္ပဏီအရေအတွက် ၈၃, ၀၂၄ ခု ရှိသည့်အနက် နှစ်စဉ်အစီရင်ခံစာ (annual return) တင်ပြရန် နောက်ကျမှုကြောင့် ရပ်ဆိုင်းခံရသော ကုမ္ပဏီ ၁၆,၃၁၉ ခု ရှိခဲ့ပြီး ကုမ္ပဏီမှတ်ပုံတင်ခြင်းအား ဖျက်သိမ်းရန် လျှောက်ထားသော ကုမ္ပဏီ ၃၆၁ ခု ရှိခဲ့သည်။ NLD အစိုးရသက်တမ်းနောက်ဆုံးကာလ၌ ကိုဗစ်-၁၉ နှင့် ဆက်စပ်သော သက်ရောက်မှုကြောင့် နိုင်ငံ့စီးပွားရေးနှင့် စီးပွားရေးလုပ်ငန်းများ၏ အလားအလာတို့တွင် စိန်ခေါ်မှုများနှင့် ဆိုးရွားစွာ ရင်ဆိုင်ခဲ့ရသည်။

အနောက်နိုင်ငံရေးသမားများသည် မြန်မာနိုင်ငံအပေါ် အာဏာရှင်နိုင်ငံအဖြစ် သမုတ်ကာ စီးပွားရေးအရ ပိတ်ဆို့အရေးယူမှုများ နှစ်ပေါင်းများစွာ ချမှတ်ခဲ့ကြသည်။ မြန်မာနိုင်ငံ၌ ပြုပြင်ပြောင်းလဲရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများ စတင်ထွက်ပေါ်လာသည့်အခါ ၎င်းတို့၏ စီးပွားရေးအရ တင်းမာသော သဘောထားနှင့် ရပ်တည်မှုက မြန်မာနိုင်ငံ၏ တပ်မတော်ခေါင်းဆောင်များကို ဒူးထောက် စေခဲ့ပြီး ဒီမိုကရေစီအောင်ပွဲကို ဖန်တီးပေးခဲ့ခြင်းဖြစ်သည်ဟု အနောက်နိုင်ငံရေးသမားများက ယုံကြည်ခဲ့ကြ ဟန်တူသည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ တံခါးဖွင့်မှုအား မည်သည့်အချိန်အဟုန်ဖြင့် ဖွင့်မည်၊ မည်သည့် အတိုင်းအတာအထိ ဖွင့်မည်ဟူသည်နှင့် စပ်လျဉ်းပြီး တပ်မတော်က အမြဲထိန်းချုပ်ထားခဲ့သည်ဟူသည်ကိုမူ ပြည်ပနိုင်ငံများနှင့် အဖွဲ့အစည်းများက နားလည်ခဲ့ခြင်းမရှိပေ။

မြန်မာနိုင်ငံသည် ဘက်မလိုက်လှုပ်ရှားမှု၏ အစောဆုံးအဖွဲ့ဝင်နိုင်ငံဖြစ်လေရာ တပ်မတော်အနေဖြင့် ပြည်တွင်းရေးအခြေအနေ ဖြစ်ပေါ်ပြောင်းလဲမှုများကြောင့် ပေါ်ပေါက်လာမည့် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ အကျိုးဆက်များအပေါ် သတိကြီးစွာ အာရုံစိုက်လိမ့်မည်မှာ အသေအချာပင်ဖြစ်သည်။ အမေရိကန်သမ္မတဟောင်း ထရမ့်နှင့် တရုတ်အကြား ထိပ်တိုက်တွေ့ရာမှ ဖြစ်ပေါ်လာသည့် ကုန်သွယ်ရေး စစ်ပွဲနှင့် “လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်” “Free and Open Indo-Pacific” မျှော်မှန်းချက်အား အကောင်အထည်ဖော်ရေးအတွက် အရှိန်အဟုန်မြှင့်လာသော အမေရိကန်၏ ထိတွေ့ချဉ်းကပ်မှုတို့က အရှေ့တောင်အာရှနိုင်ငံများကို အမေရိကန်နှင့် တရုတ် နှစ်နိုင်ငံအနက် တစ်နိုင်ငံဘက်မှ ရပ်တည်ရန် ဖိအားပေးခဲ့သည်။

အဆိုပါပထဝီနိုင်ငံရေးအားပြိုင်ပွဲများသည် အာရှ၏ လမ်းဆုံလမ်းခွတွင် တည်ရှိနေသော မြန်မာနိုင်ငံအတွက် စိန်ခေါ်မှုဖြစ်လာခဲ့သည်။ ထိုသို့သောခေတ်ကာလအခြေအနေတွင် ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့် စီးပွားရေးဖြေလျှော့မှုသည် မည်သို့သော အကျိုးသက်ရောက်မှုမျိုးကို ဖြစ်စေနိုင်သနည်း။ သုံးနှစ်ကြာ ရှေ့မတိုးနောက်မဆုတ်ဖြစ်နေခဲ့သော မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်ရှိ တိုက်ပွဲများမှ မည်သို့သော အန္တရာယ်များ ထွက်ပေါ်လာနိုင်သနည်း။ တပ်မတော်အား အင်စတီကျူးရှင်းအရ အားနည်းစေခြင်းနှင့် ကိုဗစ်-၁၉ ရိုက်ခတ်မှုဒဏ်ခံ မြန်မာ့စီးပွားရေးအား တကျော့ပြန်မွမ်းမံခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များက မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုကို အနှောက်အယှက်ဖြစ်စေမည်လော။ အဆိုးဆုံးဖြစ်နိုင်ခြေအရ နိုင်ငံအစိတ်စိတ်အမွှာမွှာ ပြိုကွဲမှု (balkanization) အထိ ဦးတည်သွားနိုင်ပါသလော။

ဒေသတွင်းပထဝီနိုင်ငံရေးအားပြိုင်မှု ဖြစ်ပွားနေသည့် လက်ရှိအချိန်တွင် နိုင်ငံအတွင်းမှ အက်ကြောင်းများ ဖြစ်ပေါ်လာခြင်းသည် မြန်မာနိုင်ငံအား အားနည်းစေလိုသည့် ပြင်ပနိုင်ငံများနှင့် အဖွဲ့အစည်းများအတွက် အမြတ်ထုတ်အသုံးချစရာဖြစ်လာပေလိမ့်မည်။ ထိုသို့ ဆိုးရွားပြင်းထန်သည့် နောက်ဆက်တွဲရလဒ်များနှင့် မကြုံတွေ့ရစေရန် အမျိုးသားစည်းလုံးညီညွတ်မှုနှင့် တိုင်းရင်းသားသွေးစည်းညီညွတ်မှုတို့ကို ခိုင်မာအားကောင်းစေရေးနှင့် ပြည်သူလူထုအား ဝန်ဆောင်မှုများ အဆက်မပြတ်ပေးအပ်နိုင်ရန်လည်း ထိန်းသိမ်းဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံအတွက် အရေးအကြီးဆုံး ဦးစားပေးလုပ်ငန်းများ ဖြစ်ပေသည်။

နိုင်ငံတွင်းဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ထိန်းကျောင်းခြင်းသည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်အတွက် မဖြစ်နိုင်သည့် ကိစ္စဖြစ်သည်ဟု စောဒကတက်နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် သူမအနေဖြင့် သူမအား ထောက်ခံသူ ဒေါက်တိုင်ဖြစ်သည့် ဗမာအများစု၏ အသံကိုနားထောင်ရန်၊ တိုင်းရင်းသားလူနည်းစုများ (အခြေခံ လူတန်းစား တိုင်းရင်းသားများနှင့် မတူကွဲပြားသောအကျိုးစီးပွားများရှိသည့် အဓိကတိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း (၂) ဒါဇင်ခန့်) ၏ အသံကို နားထောင်ရန်၊ တပ်မတော်၏ အသံကိုနားထောင်ရန်နှင့် နိုင်ငံ၏ အရပ်ဘက်နှင့် တပ်မတော်အကြား ကျိုးပဲ့လွယ်သော နိုင်ငံရေးချိန်ခွင်လျှာကို ထိန်းသိမ်းရန် လိုအပ်မှုတို့ကြောင့် ဖြစ်သည်။ "ရိုဟင်ဂျာ"ဆိုသူများ၏ ကိစ္စနှင့်စပ်လျဉ်း၍ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် သူမအား ထောက်ခံသူ မဲဆန္ဒရှင်အများစုကို ဆန့်ကျင်သည့် အမြင်ရှိမှုများကို ဆန့်ကျင်သည့် နိုင်ငံရေး ရပ်တည်ချက်ကို ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီတွင် ချမှတ်ရန် မျှော်မှန်းထားသည်ဟု ဆိုကောင်းဆိုနိုင်သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ပါတီတို့သည် ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်မှ မြန်မာနိုင်ငံကို ကာကွယ်ရန် "အောင်ဆန်းစုကြည်နှင့်အတူရပ်တည်ကြ" ဟု နိုင်ငံအား တိုက်တွန်းရန် ဆုံးဖြတ်ခဲ့သည်။

၂၀၁၇ ခုနှစ်တွင် ရိုဟင်ဂျာများ အစုလိုက်အပြုံလိုက် ထွက်သွားပြီးနောက် ဒေါ်အောင်ဆန်းစုကြည်သည် ဗမာနှင့် တိုင်းရင်းသား မဲဆန္ဒရှင်အားလုံးနီးပါး၏ အကျိုးစီးပွားကို ဆန့်ကျင်လျက်နေရပ်စွန့်ခွာ "ရိုဟင်ဂျာ"ဆိုသူများအတွက် ပြဿနာများကို ဖြေရှင်းပေးနိုင်လိမ့်မည်ဟူသည့် လက်တွေ့

မကျသော မျှော်လင့်ချက်ကြောင့် အမေရိကန်နှင့် NLD တို့အကြား ဆက်ဆံရေးသည် ယိုယွင်းလာခဲ့သည်။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံရှိ မည်သည့်ပါတီကို အနောက်အုပ်စုက လိုလားနှစ်သက်ပါမည်နည်း။ မြန်မာ့ဒီမိုကရေစီ သင်္ကေတဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်ကို အနောက်နိုင်ငံများ၏ လိုလားနှစ်သက်မှုစာရင်းမှ ဖယ်ရှားပြီးနောက် ထိုစာရင်းတွင် မည်သူကျန်ခဲ့သည်ကို မေးခွန်းထုတ်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီပုံစံအပေါ် အနောက်တိုင်းအစိုးရများ၏ စံပုံစံအမြင်များနှင့် လက်တွေ့မကျသည့် မျှော်လင့်ချက်များသည် NLD ၏ သမိုင်းအစဉ်အလာအရ ဖြစ်တည်လာမှုကို မရည်ရွယ်ဘဲ အဆုံးသတ်စေခဲ့သည်။ ၂၀၀၀ ပြည့်နှစ်များအတွင်း များပြားသော ဒဏ်ခတ်ပိတ်ဆို့မှုများနှင့် နိုင်ငံရေးအရ အထီးကျန်ဆန်စေခြင်းများကြောင့် မြန်မာနိုင်ငံအနေဖြင့် ဆယ်စုနှစ်တစ်ခုကြာ ဖွံ့ဖြိုးတိုးတက်မှုပျောက်ဆုံးသည့်နည်းတူ ပိတ်ဆို့အရေးယူမှုများနှင့် နိုင်ငံတကာ၏ စံနှုန်းအခြေပြုဝေဖန်မှုများသည် NLD အတွက်လည်း အထောက်အကူ မဖြစ်ခဲ့ချေ။

ဒေါ်အောင်ဆန်းစုကြည်အပေါ် အနောက်နိုင်ငံများ၏ ထောက်ခံမှု ဆုံးရှုံးခြင်းသည် ရှုပ်ထွေးသည့် အရပ်ဘက်-စစ်ဘက်ဆက်ဆံရေးတွင် သူမ၏ ထိန်းကျောင်းညှိနှိုင်းနိုင်စွမ်းကို ပျောက်ဆုံးသွားစေခဲ့သည်။ မည်သို့ပင်ဆိုစေ "ရိုဟင်ဂျာ" ဆိုသူများ ထွက်ပြေးပြီးနောက် အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများနှင့် စုံစမ်းစစ်ဆေးမှုများသည် တပ်မတော်အပေါ်တွင်လည်း အရိပ်မည်းထိုးလာခဲ့သည်။ အနောက်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးတွင် ပါဝင်ပတ်သက်သူများ (stakeholders)၊ ယင်းတို့၏ အခက်အခဲများ၊ အကန့်အသတ် အတားအဆီးများ၊ နိုင်ငံရေး အုပ်စု/သဘောထား ကွဲလွဲမှုများ ပိုမိုဆိုးရွားစေနိုင်သည့် အန္တရာယ်များအပါအဝင် မြန်မာ့ဒီမိုကရေစီပုံစံအား နားမလည်နိုင်ခြင်းသည် နားလည်ရန် ခက်ခဲလျက်ပင်ရှိသည်။

လက်ရှိအခြေအနေတွင် သက်ဆိုင်သူ အားလုံးမှ အဖြေတစ်ခုရှာရန်အတွက် အရေးကြီးသည်မှာ မြန်မာနိုင်ငံ၏ ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုများအပေါ် အကျိုးသင့်အကြောင်းသင့် ဆင်ခြင်တုံတရားနှင့် အချက်အလက် အခြေပြုအမြင် ထားရှိရေးဖြစ်သည်။ ဤသို့ အဖြေရှာရာတွင် ဖြစ်နိုင်ခြေ အများဆုံးဖြစ်သည့် အာဆီယံနည်းလမ်း (သို့) အခြားနိုင်ငံစုံနည်းလမ်းဖြင့် ချဉ်းကပ်ဆောင်ရွက်မှုများမှတဆင့် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ နိုင်ငံတကာမီဒီယာများတွင် မြန်မာနိုင်ငံအား ကျရှုံးနိုင်ငံအဖြစ်လည်းကောင်း၊ ငြိမ်းချမ်းသော ဆန္ဒပြသူများအပေါ် စစ်တပ်မှ တစ်ဖက်သတ်အကြမ်းဖက်မှု အဖြစ်လည်းကောင်း မှားယွင်းသည့် ဇာတ်ကြောင်းပြော ပုံဖော်မှုများ ကြီးစိုးနေခြင်းသည် စာနယ်ဇင်းကျင့်ဝတ်နှင့် ကိုက်ညီမှုမရှိချေ။

ဥပမာအားဖြင့် အမေရိကန်မှ ငွေကြေးထောက်ပံ့ထားသည့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPPB) သည် အရပ်သား အသေအပျောက် စွပ်စွဲချက် ကိန်းကဏ္ဍန်းများအပေါ် လက်ဝါးကြီးအုပ်ထားသည်။ AAPPB ၏ စာရင်းတွင် သေဆုံးကြောင်း အတည်မပြုနိုင်သည့်

သူများ၏ အမည်စာရင်းများ ပါဝင်နေပါ၏လော။ ယင်းစာရင်းတွင် နယ်စပ်ဒေသများသို့ ထွက်ပြေးသူများ၏ အမည်စာရင်းများကို ထည့်သွင်းထားပါ၏လော။ အမှန်တကယ်မရှိသည့် အမည်များနှင့် ပိုမိုထည့်သွင်းထားသည့် အမည်များထည့်သွင်းထားခြင်း ရှိ/မရှိ မည်သူက သိနိုင်ပါမည်နည်း။

အထက်ပါမေးခွန်းများနှင့် မသက်ဆိုင်ဘဲ လုံခြုံရေးတပ်ဖွဲ့များ၊ အစိုးရဝန်ထမ်းများနှင့် အရပ်သားများအပေါ် အစိုးရဆန့်ကျင်သည့် အကြမ်းဖက်များမှ သေကြေပျက်ဆီးအောင် တိုက်ခိုက်သည့် ပမာဏသည် AAPPB မှ စွပ်စွဲသည့် ကိန်းဂဏန်းများထက် ကျော်လွန်နေပြီဖြစ်သည်။ “The 74 media” ၏ သတင်းဖော်ပြချက်တစ်ခုအရ NUG “ကာကွယ်ရေးဝန်ကြီး” က ဖွန်လနှင့်ဇူလိုင်လများအတွင်း တပ်မတော်သား (သို့) ထောက်ခံသူ ၁၁,၀၀ ကျော်ကိုသတ်ဖြတ်နိုင်ခဲ့သည်ဟု အခိုင်အမာ ဆိုကြောင်း ဖော်ပြထားသည်ကို သိရသည်။ နိုင်ငံရေးအငြင်းပွားမှုသည် မည်သည့်ဘက်တွင်မှ အသက်အိုးအိမ် စည်းစိမ်ကို ထိခိုက်စေခြင်းမရှိသင့်သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အရပ်သားများအား သတ်ဖြတ်မှုအပေါ် ကြွားလုံးထုတ်နေသည့် NUG အပေါ် နိုင်ငံတကာအသိုင်းအဝိုင်းက NUG မည်သို့ ထောက်ခံပေးရမည်နည်းဆိုခြင်းမှာ မေးခွန်းထုတ်စရာ ဖြစ်နေသည်။

France 24 ကဲ့သို့သောမီဒီယာများသည် ဆန္ဒပြသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား မြှားများနှင့် ခဲတပ်ဆီပုလင်းဖုံးများဖြင့် တိုက်ခိုက်မှု ဗီဒီယိုအား တင်ဆက်ထားချိန်တွင် အကြမ်းမဖက်သော ဆန္ဒပြမှုများအဖြစ် သတင်းဖော်ပြခဲ့သည်။ France 24 သည် CIA မှ David Eubank ၏ မျက်နှာစာ အဖွဲ့အစည်းဖြစ်သော Free Burma Rangers ၏ ဗီဒီယိုဖိုင်ကို အသုံးပြု၍ ဗြိတိန်နှင့် အမေရိကန်တို့မှ ထောက်ပံ့ထားသော အစိုးရဆန့်ကျင်သူ ပြည်ပရောက် တက်ကြွလှုပ်ရှားသူများအား တွေ့ဆုံမေးမြန်း ခဲ့သည်။

ဟောင်ကောင်မှ စတင်သည့် တရုတ်ဆန့်ကျင်ရေးလှုပ်ရှားမှုဖြစ်သည့် "Milk Tea Alliance" ကဲ့သို့သော နိုင်ငံရေးလမ်းကြောင်းများမှတစ်ဆင့် သို့မဟုတ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အချိတ်အဆက်ရှိသည့် Global Movement for Myanmar Democracy ကဲ့သို့သော အဖွဲ့အစည်းများမှ တစ်ဆင့် မြန်မာ့ပြည်တွင်းရေးတွင် နိုင်ငံတကာမှ ဝင်ရောက်စွက်ဖက်မှုများသည် အပြုသဘောဆောင် သောရလဒ်များနှင့် ပြန်လည်သင့်မြတ်ရေးကို ဦးတည်လိမ့်မည်မဟုတ်ချေ။

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံ၏ ပိုနေမြဲကျားနေမြဲ အခြေအနေကို ယခု မည်သို့ ကိုင်တွယ်ဆောင်ရွက်သွားနိုင်ပါမည်နည်း။ မြန်မာ့တပ်မတော်အနေဖြင့် အနောက်တိုင်းပုံစံ စီးပွားရေး ပိတ်ဆို့မှုများကို အတိုင်းအတာတစ်ခုအထိ ကိုယ်ခံအား ရရှိလာလိမ့်မည်မှာ သေချာသည်။ ပိုမိုပြင်းထန် လာသော ပြည်တွင်းပဋိပက္ခများနှင့်အတိုက်အခံပြုမှုများ၊ နိုင်ငံတကာအသိုင်းအဝိုင်း၏ ပြင်းထန်သော ဝေဖန်မှုများနှင့် အမေရိကန်၊ ကနေဒါ၊ ဗြိတိန်နှင့် ဥရောပသမဂ္ဂတို့၏ ဒဏ်ခတ်ပိတ်ဆို့မှုများသည် တပ်မတော်မှ ကြိုတင်မျှော်မှန်းထားခဲ့ရသည့် တုံ့ပြန်မှုများဖြစ်သည်။

အကောင်းဘက်ကကြည့်ရှုပါက ကျယ်ကျယ်ပြန့်ပြန့်အရေးယူမှုများ ဖြစ်ပေါ်နိုင်ခြေ နည်းပါးသည်။ ကျယ်ပြန့်သည့် အရေးယူပိတ်ဆို့မှုများ ချမှတ်မှုသည် မြန်မာနိုင်ငံအား လစ်ဘရယ်ဒီမိုကရေစီလားရာသို့ မည်သို့မျှ ပိုမိုရွေ့လျားစေနိုင်မည်မဟုတ်သော်လည်း သာမန်ပြည်သူများကို ထိခိုက်စေလိမ့်မည်ဖြစ်သည်။ အနောက်နိုင်ငံများသည် ဒဏ်ခတ်မှုများဖြင့် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးလမ်းကြောင်းကို ပြောင်းပြန်လှန်နိုင်လိမ့်မည် မဟုတ်သော်လည်း မြန်မာအစိုးရနှင့် လုံးလုံးလျားလျားမပတ်သက်သည့် အနေအထားသို့ရောက်အောင် ၎င်းတို့ဖာသာ၎င်းတို့ တွန်းပို့နေသည်။ ရက်သတ္တပတ်ချီ၍ ကြာမြင့်လာပြီဖြစ်သည့် နယူးယောက်ရှိ ယခင်က မကြုံစဖူးဖြစ်သည့် ခန့်အပ်လွှာအငြင်းပွားမှုကြောင့် ကုလသမဂ္ဂအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း တင်းမာမှုများကို အမှန်တကယ်လျှော့ချရန်နှင့် မြန်မာပြည်သူများနှင့်အတူ ရပ်တည်ရန် လိုအပ်သည့် ညှိနှိုင်းထိန်းကျောင်းနိုင်မှုကို ဆုံးရှုံးခဲ့ရသည်။

NUG အနေဖြင့် စည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ရင်ကြားစေ့ရေး မဆောင်ရွက်နိုင်သကဲ့သို့ တပ်မတော်ကိုလည်း ဖြုတ်ချနိုင်မည်မဟုတ်ချေ။ ထိုသို့ဖြစ်လင့်ကစားအမေရိကန်၊ ဥရောပသမဂ္ဂနှင့် ဗြိတိန်တို့ကို စည်းရုံးရန် ခက်ခဲမည်ပင်ဖြစ်သည်။ ကြိုးကြားကြိုးကြားဖြစ်သည့် လမ်းပေါ်ရှိ အကြမ်းဖက်မှုများနှင့် ပစ်မှတ်ထားလုပ်ကြံသတ်ဖြတ်မှုများသည် နိုင်ငံ၏ဒုက္ခများကို ပိုမိုဆိုးရွားစေလိမ့်မည်သာဖြစ်သည်။ NUG ကိုမည်သည့် နိုင်ငံကမျှ အသိအမှတ် မပြုချေ။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် အိမ်စောင့်အစိုးရနှင့်အပြုသဘော ထိတွေ့ဆောင်ရွက်မှုသည် အမှန်ကတယ်လိုအပ် လက်တွေ့ကျပြီး မြန်မာပြည်သူများအတွက် ကောင်းမွန်ကြောင်း၊ ကမ္ဘာတဝှမ်းရှိ နိုင်ငံရေးသမားများက ကောင်းစွာသိရှိကြသည်။

အိမ်စောင့်အစိုးရလက်ထက်တွင် မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံရေးထက် ဒေသတွင်း နိုင်ငံရေးများနှင့် လက်တွေ့ကျသော စီးပွားရေးနှင့်နိုင်ငံရေးဆက်ဆံမှုများကို ပိုမိုအာရုံစိုက်လာဖွယ်ရှိသည်။ မြန်မာနိုင်ငံတွင်း အခြေအနေနှင့် မသက်ဆိုင်ဘဲ ရုရှား၊ တရုတ်၊ အိန္ဒိယနှင့် အိမ်နီးချင်း အာဆီယံနိုင်ငံများနှင့် လာမည့်နှစ်များတွင် စီးပွားရေးဆက်သွယ်ဆောင်ရွက်မှုများ ဆက်လက်တိုးတက်လာလိမ့်မည်ဖြစ်သည်။ စင်စစ်တွင် အာဆီယံ၊ တရုတ် (ဟောင်ကောင်မှတဆင့်)၊ ဂျပန်၊ ကိုရီးယား နှင့် အရှေ့တိုင်းအင်အားများသည် မြန်မာနိုင်ငံ၏ အဓိကရင်းနှီးမြှုပ်နှံမှု အရင်းအမြစ်များဖြစ်ကာ ယင်းနိုင်ငံများ၏ရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၈ ခုနှစ်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအားလုံး၏ ၈၇ ရာခိုင်နှုန်းရှိသည်။ အရှေ့တိုင်းစီးပွားရေးအင်အားကြီးနိုင်ငံများ၏ လက်တွေ့ကျသည့် ရင်းနှီးမြှုပ်နှံမှုများနှင့် နှိုင်းစာပါက အမေရိကန်နှင့် ဥရောပနိုင်ငံများ၏ စီးပွားရေးခြေရာမှာ မြန်မာနိုင်ငံတွင် အနည်းငယ်သာရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း၊ မဟာမဲခေါင်ဒေသခွဲအောက်ရှိ ပူးပေါင်းဆောင်ရွက်မှု မူဘောင်များ၊ တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့် အိန္ဒိယနိုင်ငံ၏ Act East Policy တို့တွင်ပါဝင်သည့် ပေါင်းကူးဆက်သွယ်ရေး အစီအစဉ်များ၊ တစ်ခုနှင့်တစ်ခု ထပ်နေသည့်

စီးပွားရေးစကြံန်များတွင်ပါဝင်၍ သဘာဝစီးပွားရေး အချက်အချာဆုံချက်အဖြစ် ဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများရရှိအောင် ဆောင်ရွက်သွားနိုင်လိမ့်မည်ဖြစ်သည်။